## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး
## (၂၉)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၄ ရက်)

(တနင်္လာနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၉)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၇၇)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၁.၁၉)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်

ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် (၂၉)ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၂၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင် ပြပါမယ်။

ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဖခင်ကျန်းမာရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ညီဖြစ်သူနာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင် ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ ကျန်းမာရေး။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ပြည်ပခရီးစဉ်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ပြည်ပခရီးစဉ်။ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကျန်းမာရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမနားနိုင်း၊ ချင်း (၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါ်နော်မေးရီယန်၊ ကယား(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဖခင်ကျန်းမာရေး။ ဗိုလ်မှူးဝင်းကျော်ကျော်၊ တပ်မတော်၊ တာဝန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

### စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ မြောက်ယမားဆည် လက်ယာမြောင်းအား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့် က စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ မြောက်ယမားဆည် လက်ယာမြောင်းအား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးကံညွန့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်ရှိ မြောက်ယမားလက်ယာမြောင်းအား ဆက်လက်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ယမားလက်ယာတိုးချဲ့ ရေသောက်စနစ် စီမံကိန်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်မှာ တည်ရှိပါတယ်။ မြောင်းမကြီး အလျားမှာ (၁၇.၃၈)မိုင်ရှိပြီး လက်တံမြောင်းများရဲ့ အလျားကတော့ စုစုပေါင်း(၅၂)မိုင် ရှိပါတယ်။ တူးမြောင်းအဆောက်အအုံ (၃၄၇)ခုရှိပြီး ဆည်ရေပေးဝေနိုင်မယ့် ဧရိယာဧက(၉၀၀၀) ဖြစ်ပါတယ်။ စီမံကိန်းကို ၂၀၁၁-၂၀၁၂ ခုနှစ်မှာ စတင်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ပြီးစီးမယ်လို့ သိရပါတယ်။ မြောက်ယမားလက်ယာတိုးချဲ့ရေသောက်စနစ်ကို (၁၄-၁-၂၀၁၂) နေ့မှာ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ အထိ တူးမြောင်းမြေကြီးလုပ်ငန်း (၃၁၂၄၂၄)ကျင်း၊ တူးမြောင်းအဆောက်အအုံ (၇)လုံး တည်ဆောက် ပြီးဖြစ်၍ လုပ်ငန်းတစ်ခုလုံးရဲ့ ပမာဏအားဖြင့် (၁၄.၀၈)ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ကြောင်း သိရှိရပါ တယ်။ စီမံကိန်းကြီးပြီးစီးပါက စီမံကိန်းဧရိယာအတွင်း၌ရှိသော လယ်မြေ(၇၈၈၆)ဧက၊ ယာမြေ (၁၀၂၄၇)ဧက၊ စုစုပေါင်း(၁၈၁၃၃)ဧက တို့အနက် လယ်မြေဧရိယာ (၇၅၀၀)ဧက နှင့် ယာမှ လယ် ပြောင်း ဧက(၁၅၀၀) စုစုပေါင်း ဧက(၉၀၀၀)ကို ရေပေးသွင်းစိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။

မြောက်ယမား လယ်ယာရေသောက်စနစ်ကို ဖောက်လုပ်ခြင်းကြောင့် လယ်/ယာမြေဧက (၇၀၀)ခန့် ဆုံးရှုံးနိုင်သော်လည်း ဆောင်ရွက်ပြီးစီးပါက ယခုလက်ရှိ စိုက်ပျိုးလျက်ရှိသော မိုးကောင်းသောက် လယ်ယာမြေ(၇၅၀၀)ဧကကို မိုးစပါးအောင်ရေ သေချာစေမှာအပြင် နွေစပါးသီးထပ်ပါ စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ကျန်ရှိသော ယာမြေ(၁၅၀၀)ဧကကိုလည်း ယာမှ လယ်သို့ ပြောင်း၍ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ မြောက်ယမားတိုးချဲ့ရေသောက်စနစ်ကို တည်ဆောက်ခြင်း အားဖြင့် တူးမြောင်းအူကြောင်းတစ်လျှောက် သဘာဝချောင်းများမှာ ရေစီးရေလာပိတ်ဆို့မှု အနှောင့်အယှက် မဖြစ်စေရန် ရေဆိုးထုတ် (C.D.C) များ ထည့်သွင်းတည်ဆောက်သွားမှာ ဖြစ်တဲ့အတွက် စိုက်ပျိုးမြေများ ရေနစ်မြုပ် ပျက်စီးမှုမရှိကြောင်း သိရှိရပါတယ်။

မြောက်ယမားလက်ယာရေသောက်စနစ် တည်ဆောက်တဲ့စီမံကိန်း ဧရိယာဟာ ရေအလွန် ရှားပါးတဲ့ အရပ်ဒေသဖြစ်ပြီး မိုးခေါင်သည့်နှစ်များမှာ ရေလုံလောက်စွာမရရှိသဖြင့် သီးနှံများ ပျက်စီး ဆုံးရှုံး၍ ဒေသခံတောင်သူများ၊ ဆင်းရဲကျပ်တည်းမှုနဲ့ ကြုံတွေ့နေရပါတယ်။ လက်ယာရေသောက် စနစ်ကို တည်ဆောက်ခြင်းအားဖြင့် ဆည်ရေရရှိပြီး မိုးသီးနှံအပြင် နွေစပါးနှင့် ဆောင်းသီးနှံများ သီးထပ် စိုက်ပျိုးနိုင်မည် ဖြစ်သည့်အပြင် သီးနှံများ အထွက်တိုးလာမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒေသခံပြည်သူများ အတွက် ရေဖူလုံစွာ သုံးစွဲနိုင်ရေးကိုပါ အထောက်အကူပေးနိုင်မှာ ဖြစ်ပါတယ်။ မြောက်ယမားလက်ယာ

အသစ် မြောင်းဖောက်၍ မြောက်ယမားလက်ယာ ရေသောက်စနစ်ကို တည်ဆောက်ခြင်းအားဖြင့် ဆည်အသစ်တစ်ခု ထပ်မံတည်ဆောက်ရန် မလိုဘဲ မိုးစပါးဧရိယာ (၉၀၀၀)ဧကကို အောင်မြင်စွာ စိုက်ပျိုး ထုတ်လုပ်နိုင်မှာဖြစ်ပြီး နွေစပါးနှင့် ဆောင်းသီးနှံ(၉၀၀၀)ဧက စုစုပေါင်းသီးနှံ ဧရိယာ (၁၈၀၀၀)ဧကကို စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကို အခြေခံသော လက်မှုလယ်ယာမှ ခေတ်မီနည်းပညာဖြင့် စက်မှုလယ်ယာသို့ ပြောင်းလဲတိုးတက်စေရန် အရေးတကြီး ဆောင်ရွက်နေချိန်ဖြစ်ပြီး မြို့နယ်ဟာ မိုးခေါင်ရေရှားပင် ဖြစ်လင့်ကစား ထုတ်ယူသုံးစွဲ၍ မကုန်နိုင်သော ရေအရင်းအမြစ်များရှိနေခြင်းကို ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲအသုံးချ နိုင်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် သီးနှံများ ပိုမိုထုတ်လုပ်နိုင်ပြီး နယ်မြေဖွံ့ဖြိုးတိုးတက်လာမှာ မလွဲဧကန် ဖြစ်ပါတယ်။ ပုလဲမြို့နယ်၊ မြောက်ယမားဆည်မကြီးရဲ့တောင်ဘက် ယခု ဖောက်လုပ်နေသော လက်ယာမြောင်းရှိ နေရာများမှာ မိုးကောင်းသောက်လယ်ယာမြေများ ဖြစ်ပါတယ်။ မြောက်ယမားဆည် ရေသောက် တောင်သူများဟာ နှစ်စဉ် သီးနှံများကို နှစ်သီးစား၊ သုံးသီးစား အောင်မြင်အကျိုးရှိစွာ စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် လူမှုစီးပွားဘဝလည်း မြင့်တက်လာနေကြပြီ ဖြစ်ပါတယ်။

ဆည်ရေသောက်တောင်သူများရဲ့ တိုးတက်အောင်မြင်နေမှုအပေါ် မိုးကောင်းသောက် တောင်သူများအနေဖြင့်လည်း အားကျပြီး ဆည်ရေသောက်အဖြစ် စိုက်ပျိုးရန် လိုလားလျက်ရှိနေပါတယ်။ သို့ဖြစ်ပါ၍ မြောက်ယမားဆည်မှ ဖောက်လက်စ လက်ရှိရပ်ဆိုင်းထားသော လက်ယာမြောင်းအား ဆက်လက်ဖောက်လုပ်သင့်ကြောင်း၊ ကံကြီးကျေးရွာ၊ ကျေးနင်းကြီးကျေးရွာ၊ မင်းမအနောက်ကျေးရွာ၊ သေတ္တရာကျေးရွာ၊ ဇီးရင်းကျေးရွာအသီးသီးမှ ဒေသခံတောင်သူများရဲ့ ဆန္ဒသဘောထား တင်ပြချက် များကိုလည်း ပူးတွဲတင်ပြထားပြီး ဖြစ်ပါတယ်။ ဒေသခံတောင်သူများ ရရှိလာမည့် အကျိုးအမြတ်ကို ရှေ့ရှု၍ ယခုပွင့်လင်းရာသီမှာ ဆည်ရေပေးလုပ်ငန်း တူးဖော်ခြင်း လုပ်ငန်းကို စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်ခြင်းလုပ်ငန်းနဲ့ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများကို အရှိန် အဟုန်မပျက်ဆက်လက်ဆောင်ရွက်နိုင်ပါက တောင်သူများအတွက် သီးနှံစိုက်ပျိုးမှုကို အချိန်မီ စိုက်ပျိုး ရေ ပေးဝေနိုင်မှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်ငန်းခွင်အတွင်း တွေ့ရှိခဲ့ရတဲ့ ဖောက်လုပ်ဆဲ လုပ်ငန်းများကို Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ မြောက်ယမားလက်ယာ စီမံကိန်း ရဲ့ ယင်းမာပင်ခရိုင်ကြီးမှာ တည်ရှိနေတဲ့ တည်နေရာပြ ဖြစ်ပါတယ်။ ဒါက မြောက်ယမား ရေလှောင် တမံရယ်၊ မြောက်ယမားရေကူတမံရဲ့ပုံများကို ဖော်ပြထားတာ ဖြစ်ပါတယ်။ မြောက်ယမားရေလှောင် တမံရဲ့ ရေသိုလှောင်မှု ပမာဏဟာ (၁၄၀၀၀) ရှိပြီးတော့ ရေကူတမံ ထပ်မံပြီး ကျွန်တော်တို့ တည်ဆောက် ခဲ့တဲ့အတွက် (၁၂၉၀၀)ဧကပေ လှောင်နိုင်တဲ့အတွက် ကျွန်တော်တို့ ယခု မြောက်ယမားဆည်ဧက နှစ်ခုကို (၁၂၀၀၀)ဧက နဂိုက ပေးနိုင်ပါတယ်။ ထပ်မံပြီးတော့ လက်ဝဲတိုးချဲ့ ဆည်ရေသောက်လုပ်တဲ့ အတွက်လည်း ဧက(၁၀၀၀၀) ပေးဝေနိုင်ခဲ့ပါတယ်။

ယခု တည်ဆောက်မယ့် မြောက်ယမားလက်ယာတစ်ခုကို ပေးဝေနိုင်မှာက ဧက(၉၀၀၀) ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ လက်ယာဆည်ရေသောက်စနစ် တည်နေရာပြ ဖြစ်ပါတယ်။ ဒီအပြာကတော့ ဆောက်လုပ်ပြီး၊ ဖောက်လုပ်ပြီး တူးမြောင်းဖြစ်ပြီးတော့ အဝါကတော့ ဖောက်လုပ်ဆဲ

တူးမြောင်း ဖြစ်ပါတယ်။ အစိမ်းတွေကတော့ ကျွန်တော်တို့ ဆက်လက်ဖောက်လုပ်ရမယ့် တူးမြောင်းများ ဖြစ်ပါတယ်။ မြောက်ယမား လက်ယာရေသောက်စနစ်စီမံကိန်းဟာ တူးမြောင်းအလျား (၁၇.၅)မိုင်ရှိပြီးတော့ လောလောဆယ်တော့ တစ်ဝက်လောက်ပေါ့၊ (၈.၅)မိုင် တူးဖော်ပြီးတော့ ကျန်တာ ကျွန်တော်တို့ (၉)မိုင် ကျန်ရှိနေပါတယ်။ ဒါ မြောက်ယမားလက်ဝဲ ရေသောက်စနစ်ကနေပြီးတော့ ရေတွေပေးဝေနိုင်လို့ စပါးများအောင်မြင် ဖြစ်ထွန်းနေတာကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါစပါးများ အောင်မြင်နေတာ ဖြစ်ပါတယ်။ ဒါ မြောက်ယမား ရေသောက်စနစ်တည်ဆောက်တဲ့ စီမံကိန်းဧရိယာ ရေအလွန်ရှားပါးတဲ့ ဒေသ ဖြစ်ပါတယ်။ ဒါ မိုးခေါင်တဲ့နှစ်များမှာ ရေမလုံလောက်တဲ့အတွက် သီးနှံတွေဟာ ပျက်စီးပြီးတော့ ဒေသခံပြည်သူတွေဟာ ဆင်းရဲမှုနဲ့ကြုံတွေ့ပါတယ်။ ဒါ လက်ယာ ရေသောက်စနစ် တည်ဆောက်ခြင်းအားဖြင့် ဆည်ရေရရှိပြီး မိုးသီးနှံအပြင် နွေစပါးနှင့် ဆောင်းသီးနှံများပါ သီးထပ်စိုက်ပျိုးနိုင်မှာ ဖြစ်တဲ့အတွက် သီးနှံများ အထွက်တိုးနှုန်း တိုးတက်လာမှာ ဖြစ်ပါတယ်။ ဒေသခံပြည်သူများအတွက်လည်း ရေဖူလုံစွာ သုံးစွဲနိုင်ရေးအတွက်ကိုပါ အထောက်အကူ ပေးနိုင်မှာ ဖြစ်ပါတယ်။

ဒါ မြောက်ယမား ရေသောက်စနစ်ကို တည်ဆောက်ခြင်းအားဖြင့် ဆည်တစ်ခုအသစ်တည်ဆောက်ရန် မလိုအပ်ဘဲနဲ့ မိုးစပါးဧရိယာ (၉၀၀၀)ဧကကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်မှာ ဖြစ်သလို နွေစပါးနှင့် ဆောင်းသီးနှံ (၉၀၀၀)ဧက စုစုပေါင်းဧက (၁၈၀၀၀)ဧက ကိုလည်း စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ Main Head Reculator ခေါ်တဲ့ မြောင်းထိပ်က ရေသွင်းအဆောက်အဦ တည်ဆောက်ပြီးစီးမှုကို ပြထားတာဖြစ်ပါတယ်။ ဒါလည်း Main Head Reculator ရဲ့ပုံ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ ကျောက်လိုင်နာ တည်ဆောက်ထားတဲ့ အနေအထားကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ မြောင်းရဲ့ လက်ဝဲ/လက်ယာ မှာရှိနေတဲ့ရွာတွေ ဆက်သွယ်သွားလာရေး လွယ်ကူရန် သံကူကွန်ကရစ်တံတားများ တည်ဆောက်မှုကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါ ရေဆိုးရေညစ်တွေ မဖြစ်အောင် ရေနုတ်မြောင်း အဆောက်အဦ တည်ဆောက်ထားမှု၊ ပြီးစီးမှု၊ အခြေအနေကို ဖော်ပြထားတာ ဖြစ်ပါတယ်။ အဲဒါလည်း ရေနုတ်အဆောက်အအုံ ဖြစ်ပါတယ်။ ဒါကတော့ ခုန သံကူကွန်ကရစ်တံတား တစ်ခု တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ရေနုတ်အဆောက်အအုံ ဖြစ်ပါတယ်။ ဒါ ရေနုတ်အဆောက်အအုံတစ်ခု ဖြစ်ပါတယ်။ ဒါ ရေနုတ် အဆောက်အအုံတွေ တည်ဆောက်ထားတာ ပြီးစီးမှုကို ပြတာ ဖြစ်ပါတယ်။ ဒါ ရေနုတ် အဆောက်အအုံများ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ သံကူကွန်ကရစ်တံတား ပြီးစီးမှုကို တင်ပြထားတာ ဖြစ်ပါတယ်။ ဒါ ရေနုတ်အဆောက်အအုံ တည်ဆောက်ထားမှုကို ပြတာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ သံကူကွန်ကရစ်တံတားအသစ် တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ တူးမြောင်းမြေကြီးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကျန်တဲ့အနေအထားလေးတွေကို ဖော်ပြတာဖြစ်ပါတယ်။ မြေကြီးလုပ်ငန်းတွေ ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒါ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အနေအထားကို ဖော်ပြထားတာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် တင်ပြရလျှင် မြောက်ယမား လက်ယာ တိုးချဲ့ရေသောက်စနစ် တည်ဆောက်ခြင်းအားဖြင့် ပုလဲမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာနိုင်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြေမှုကို အထောက်အကူပြုနိုင်မှာဖြစ်ပြီး ရေရှားပါးသောဒေသ ဖြစ်သည့်အတွက် ရေအခက်အခဲ ပြေလည်စေနိုင်ခြင်း၊ သီးထပ်စိုက်ပျိုးခြင်းဖြင့် တောင်သူများဝင်ငွေတိုးပွားလာစေပြီး ကျေးလက်နေတောင်သူများ၏လူနေမှုဘဝ မြင့်မားလာစေနိုင်ခြင်း၊

တောင်သူလယ်သမားများနှင့်တကွ လယ်ယာလုပ်သားများပါ အလုပ်အကိုင် အဆင်ပြေစေ၍ ဆင်းရဲမှု လျှော့ချနိုင်ရေးအကျိုးကို အထောက်အကူပြုနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိလာနိုင်မှာ ဖြစ်တဲ့ အတွက် ဒေသခံတောင်သူများနှင့် ဆွေးနွေးညှိနှိုင်းသဘောတူညီမှုရရှိ၍ ဆက်လက်ဆောင်ရွက်သင့်ပါ သဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်ရှိ မြောက်ယမားလက်ယာမြောင်းအား ဆက်လက်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၀။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့်တကွ ကြွရောက်လေ့လာကြတဲ့ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာ အပေါင်းနဲ့ပြည့်စုံပါစေလို့ ကျွန်တော် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကံညွန့် ရဲ့ မေးခွန်းကို ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ် မြောက်ယမားဆည် လက်ယာမြောင်း တည်ဆောက်ခြင်း စီမံကိန်းကို ပုလဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင် မှ လယ်ယာမြေဧက(၇၀၀) ကျော် ဆုံးရှုံးပျက်စီးနိုင်ပြီး နိုင်ငံတော်ဘဏ္ဍာငွေ အသုံးချမှု ပမာဏများပြားသော်လည်း အကျိုးဖြစ်ထွန်းမှု နည်းပါးသောကြောင့် ဆက်လက်ဆောင်ရွက်ရန် မသင့်တော်ကြောင်း စီမံကိန်းကို ရပ်ဆိုင်းသင့်ကြောင်း ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ပါတယ်။ ၇-၈-၂၀၁၃ နေ့တွင် ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် အစည်းအဝေး၌ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ရှင်းလင်းဖြေကြားခဲ့ရာတွင် အဆိုပါ စီမံကိန်းကြောင့် လယ်ယာမြေဧက(၇၀၀)ခန့် ဆုံးရှုံးမည် ဖြစ်သော်လည်း စီမံကိန်းပြီးစီးပါက စိုက်ပျိုးမြေဧက(၉၀၀၀)ကျော်သည် ဆည်ရေပေးဝေနိုင်မည်ဖြစ် သဖြင့် ဆုံးရှုံးမှုနှင့် အကျိုးသက်ရောက်မှုတို့ကို နှိုင်းယှဉ်ပါက အကျိုးသက်ရောက်မှု ပိုမိုရရှိနိုင်ကြောင်း ဒေသခံတောင်သူလယ်သမားများ၏ လိုလားမှုအခြေအနေ အမှန်တကယ် မြေပြင်အကျိုးပြုနိုင်မှု အခြေ အနေနှင့် ဖြစ်ပေါ်လာမည့် အကျိုးဆက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ အသေးစိတ်ညှိနှိုင်းစိစစ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် သင့်/မသင့်အပေါ် ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါတယ်။

ယခုအခါတွင် လုပ်ငန်းဆောင်ရွက်မှုကို ယာယီရပ်ဆိုင်းထားခဲ့ပါတယ်။ စီမံကိန်းရပ်ဆိုင်းမည့် အချိန်ထိ တူးမြောင်းတူးဖော်ခြင်းလုပ်ငန်း(၃၆)ရာခိုင်နှုန်းနှင့် တူးမြောင်းအဆောက်အအုံ တည်ဆောက်

ခြင်းလုပ်ငန်း(၄)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့တို့သည် စီမံကိန်းဆိုင်ရာ အကျိုးပြုနိုင်မည့် ဧကနှင့် ဆုံးရှုံးမည့်ဧကတို့ကို ဦးပိုင်အလိုက်၊ ကွင်းအလိုက်၊ မြောင်းအလိုက်၊ ကျေးရွာအုပ်စုအလိုက် ကွင်းမြေပုံပေါ်တွင် သတ်မှတ်၍ ပြန်လည်စိစစ်ခြင်း၊ ရာသီအလိုက် ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံဖြင့် အကျိုးရှိနိုင်မည့် အခြေအနေကို တောင်သူလယ်သမားများနှင့် ညှိနှိုင်းဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ယခုတစ်ဖန် စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကံညွန့် မှ တောင်သူလယ်သမားများ၏တောင်းဆိုမှုအရ မြောက်ယမားလက်ယာမြောင်းအား ဆက်လက်ဆောင်ရွက်သင့်ကြောင်း အဆို တင်သွင်းလာပါတယ်။ ထို့အပြင် သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း နှင့် ပုလဲဆန္ဒနယ်အမှတ်(၁) စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆွေ တို့မှလည်း မြောက်ယမား တိုးချဲ့လက်ယာမြောင်း စီမံကိန်း ဆောင်ရွက်ပေးသင့်ကြောင်း အသီးသီးထောက်ခံတင်ပြကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပကတိအမြင်အရ တင်ပြရပါလျှင် စီမံကိန်းဆောင်ရွက်ခြင်းကြောင့် လယ်ယာမြေဧက (၇၀၀) ခန့် ဆုံးရှုံးခံရသော်လည်း ဧက(၉၀၀၀)ခန့်သည် မူလက မရေရာသော မိုးကောင်းသောက် စိုက်ပျိုးရာမှ ဆည်ရေသောက်အဖြစ် စိုက်ပျိုးနိုင်ကြမည်ဖြစ်၍ ရာသီဥတု ဖောက်ပြန်မှုကြောင့် ရေရာသေချာမှု မရှိသော စိုက်ပျိုးမြေများသည် ဆည်ရေဖြင့် စိုက်ပျိုးနိုင်မှုကြောင့် နှစ်သီးမှ သုံးသီးကို ရေရာသေချာစွာ စိုက်ပျိုးနိုင်သဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ အမှန်တကယ် ဖွံ့ဖြိုးတိုးတက် မည်မှာ ဧကန်မလွဲ ဖြစ်ပါတယ်။ သို့ပါ၍ ဆောင်ရွက်သင့်သော လုပ်ငန်းဖြစ်ပါသောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ရရှိသည့်အခြေအနေပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားရန် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**သန်လျင်မြို့နယ်၊ လက်ပံကျေးရွာအုပ်စု၊ ကဒတ်ဖြာကျေးရွာအုပ်စု ရွာများ၏ ရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က သန်လျင်မြို့နယ်၊ လက်ပံကျေးရွာအုပ်စု၊ ကဒတ်ဖြာကျေးရွာအုပ်စု ရွာများ၏ ရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သန်လျင်မြို့နယ်ထဲမှာရှိနေတဲ့ လက်ပံကျေးရွာအုပ်စု၊ ကဒတ်ဖြာကျေးရွာ

များ ရွာချင်းချင်းဆက်မယ့် လမ်းကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ထဲမှာရှိနေတဲ့ ကဒတ်ဖြာကျေးရွာအုပ်စု၊ ပြည်တော်သာကျေးရွာ၊ စိကုန်းကျေးရွာ၊ သပြေကုန်းကျေးရွာ နောက်ပြီးတော့ ကျွန်တော်တို့ ရုံးသပြေကန်အုပ်စု လက်ပံကျေးရွာများ အဲဒီမှာရှိနေတဲ့ ဒေသခံပြည်သူများနဲ့ ရဟန်းသံဃာတော်များ၊ နောက် ကျွန်တော်တို့ ရုံးသပြေကန် အ.ထ.က(ခွဲ)ကို သွားနေတဲ့ သွားပြီးတော့ တက်ရတဲ့ ကျောင်းသူ/ကျောင်းသားများ နောက် ကျွန်တော်တို့ သပြေကုန်း အ.ထ.က ကို သွားပြီးတော့ တက်ရတဲ့ ကျောင်းသူ/ကျောင်းသားများဟာ မိုးတွင်းအခါမှာ အင်မတန်မှ သွားရေးလာရေး ခက်ခဲပါတယ်။ ကျေးရွာချင်းဆက်လမ်းများ မရှိပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ အဲဒီမှာရှိနေတဲ့ ဒေသခံပြည်သူများရဲ့ လိုအင်ဆန္ဒ၊ နောက် ကျွန်တော်တို့ နိုင်ငံတော်ကလည်းပဲ ဆင်းရဲမှုလျှော့ချရေးမှာ ကျေးရွာချင်းဆက်လမ်းတွေဟာ အင်မတန်မှ အရေးကြီးတယ်။ အဓိကထားပြီးတော့ ဖောက်လုပ်ပေးနေတဲ့ အချိန်အခါလည်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အဲဒီဒေသမှာရှိနေတဲ့ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက်လည်းပဲ အထောက်အကူပြုစေမယ့် ကျေးရွာချင်းဆက်လမ်းများကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အဲဒီတော့ ကျေးရွာချင်းဆက် လမ်းများနဲ့ ရုံးသပြေကန်နဲ့ လက်ပံကုန်းကျေးရွာများ ကဒတ်ဖြာ၊ ပြည်တော်သာ၊ စိကုန်းကျေးရွာ၊ သပြေကုန်းကျေးရွာ အဲဒီမှာရှိနေတဲ့ ရွာချင်းဆက်လမ်းများကို ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့်အချိန်တွင် ဖောက်လုပ်ပေးမည်၊ မဖောက်ပေးပါက အကြောင်းရင်းကိုလည်းပဲ ရှင်းလင်းပေးပါရန် ဒေသခံများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၇။**

**ဦးတင့်ဌွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**
။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင့်ဌွေမှ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကဒတ်ဖြာကျေးရွာအုပ်စု၊ ကဒတ်ဖြာ - ပြည်တော်သာ - စိကုန်းကျေးရွာမှ သပြေကုန်းကျေးရွာအထိ စုစုပေါင်းမိုင် အရှည်အားဖြင့်

(၃)မိုင်နဲ့ (၄)ဖာလုံခန့် ရှိပါတယ်။ အဲဒီလမ်းကို မြေသားလမ်း ဖောက်မယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေက (၄၅.၅)သန်းခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ အလားတူပဲ တင်ပြထားတဲ့ ရုံးသပြေကန်နဲ့ လက်ပံကျေးရွာအထိ (၅.၆)ဖာလုံ ခန့်ရှိပါတယ်။ ဒါကို ဖောက်မယ်ဆိုရင် (၉.၁)သန်းလောက် ကုန်ပါမယ်။ အဲဒီတော့ စုစုပေါင်း (၅.၆)သန်းလောက် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။

ကျွန်တော်တို့ လာမယ့်နှစ် ၂၀၁၄-၂၀၁၅ မှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လျာထားတဲ့ ရန်ပုံငွေကတော့ (၉.၇၅၈)ဘီလီယံ ရှိပါတယ်။ အဲဒီတော့ ရန်ကုန်တိုင်း တစ်တိုင်းလုံးမှာ ကတ္တရာလမ်းက (၄၅)မိုင်နဲ့ (၁) ဖာလုံ၊ ကျောက်ချောလမ်းက (၁၁)မိုင်နဲ့ (၇)ဖာလုံ၊ မြေသာလမ်းက(၈၆)မိုင် ကွန်ကရစ်တံတား (၈၆၅) ပေ၊ သစ်သားတံတား(၉၆၀)ပေနဲ့ ရေပြွန်(၅၀၀)ပေ ရှိပါတယ်၊ လျာထားပါတယ်ခင်ဗျား။ အဲဒီတော့ သံလျင်မြို့နယ်အတွင်းမှာတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လာမယ့်နှစ်မှာလည်း မြို့နယ်အတွင်းမှာ တိုင်းအချုပ်ကနေ ပြန်ထုတ်လိုက်လို့ရှိရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ (၃၆၈.၇၁၆)သန်း လျာထားပါတယ်။ လမ်းနဲ့ ပတ်သက်ပြီးတော့။ အဲဒါကတော့ သနတ်ပင်ကျေးရွာမှ အုတ်ဖိုစုကျေးရွာ ချင်းဆက်လမ်း ကွန်ကရစ်ဘီးလမ်း(၂)မိုင်နဲ့ (၁)ဖာလုံ သစ်သားတံတား ပေ(၁၀၀) နဖရွာအဝင်တံတား (၁၀၀)ပေတို့ ဆောင်ရွက်ဖို့ လျာထားတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ သန်လျင်မြို့နယ်အတွင်းမှာရှိတဲ့ ကဒတ်ဖြာကျေးရွာအုပ်စု၊ ကဒတ်ဖြာ၊ ပြည်တော်သာ၊ စိကုန်း အဲဒီမှတစ်ဆင့် သပြေကုန်းကျေးရွာနဲ့ နောက်တစ်ခါ ရုံးသပြေကန် လက်ပံကျေးရွာ ဒီလမ်းတွေအတွက် ကျွန်တော်တို့ လာမယ့် ၂၀၁၄-၂၀၁၅ ပေါ့လေ။ ကျွန်တော်တို့ ဒီနှစ်လည်း ကုန်နေပါပြီ ဆိုတော့ ကျွန်တော်တို့ လျာထားချက်မှာတော့ ပါဝင်သေးခြင်းမရှိကြောင်း ကျွန်တော်တို့ တင်ပြလိုပါတယ်။ သို့သော်လည်း ၂၀၁၄-၂၀၁၅ နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှာတော့ ဦးစားပေး အစီအစဉ်ထဲမှာ ထည့်သွင်းလျာထားသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဦးအောင်မြင့်သိန်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့် ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၁၄၁
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ ပြည်သူ့လွှတ်တော်က ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို (၅-၃-၂၀၁၄) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူ အတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို (၁၉-၃-၂၀၁၄) ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၄(ခ)အရ ပြည်သူများ ငြိမ်းချမ်းစွာစုဝေး စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အတွက် (၂-၁၂-၂၀၁၁) ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁၅)အဖြစ် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။

၃။ ယခုအခါတွင် ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေများ ဒီမိုကရေစီ တိုးတက်ဖြစ်ထွန်းမှုများနှင့်အညီ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ဖြည့်စွက်ရန် ရှိသည်များကို ပြည်သူ့လွှတ်တော် တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီမှ ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲ၍ ပထမအကြိမ် ပြည်သူ့လွှတ်တော်၊ အဌမပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ပြင်ဆင်သည့်ဥပဒေကြမ်းကို ရေးဆွဲတင်သွင်းခဲ့သည့် ပြည်သူ့လွှတ်တော်ကော်မတီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်း

၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနှင့် အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ အဓိက ပြင်ဆင်ခဲ့သည့်အချက်များမှာ ဆန္ဒထုတ်ဖော်လိုသော ပြည်သူများ၏ ခွင့်ပြုချက်လျှောက်ထားခြင်း လုပ်ငန်းစဉ်များကို ဖြေလျှော့ထားခြင်း၊ ခွင့်ပြုချက်ကို ငြင်းပယ်ခြင်းကို ပယ်ဖျက်ထားခြင်း၊ ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ထောင်ဒဏ်များကို ထက်ဝက်လျှော့ချထားခြင်း အစရှိသည့် အများပြည်သူအကျိုးအတွက် ပြင်ဆင်သင့်သည့်အချက်များကို ပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၅၊ ပုဒ်မ ၈၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဠ)၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ တို့တွင် ပြင်ဆင်ဖြည့်စွက် အစားထိုးထားသည်ကိုလည်းကောင်း၊ မူလဥပဒေတွင် ပါရှိသော ခွင့်ပြုမိန့် ဆိုသည့် စကားရပ်ကို ခွင့်ပြုချက်ဆိုသည့် စကားရပ်များဖြင့် အသီးသီး အစားထိုးထားသည်ကို လည်းကောင်း၊ အခန်း(၄)ခေါင်းစဉ်၊ ပုဒ်မ ၆ တို့တွင် စကားရပ်များ ပယ်ဖျက်ထားသည်ကိုလည်းကောင်း၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ထားသည်ကိုလည်းကောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၅။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုသည့်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၇-၃-၂၀၁၄ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးအောင်ချိုဦး (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ချိုဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၁၄၀
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက်

၁။ ပြည်သူ့လွှတ်တော်က အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို (၁၄-၂-၂၀၁၄) ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းကို (၂၆-၂-၂၀၁၄) ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက (၅-၃-၂၀၁၄) ရက်နေ့တွင် အစီရင်ခံတင်သွင်းခဲ့ပါသည်။

၂။ အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ (၁၃-၃-၂၀၁၄) ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)နှင့် ဦးစိုင်းသန့်ဇင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)တို့က အကြံပြုဆွေးနွေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် (၁၉-၃-၂၀၁၄) ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ထပ်မံညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ထပ်မံလေ့လာစိစစ်ညှိနှိုင်းခဲ့ရာ အောက်ပါအတိုင်း သဘောထားများရရှိခဲ့ပါသည် -

(က) အခိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုမိုတိကျမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) ပြည်တွင်းအသင်းအဖွဲ့ အခိပ္ပာယ် ဖွင့်ဆိုချက်တွင် ဖော်ပြထားသော ပြည်တွင်းလူမှုရေး အသင်းအဖွဲ့ကို ဆိုသည့် စကားရပ်ကို နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ကို ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော အရပ်ဘက်လူ့အဖွဲ့အစည်းများ ဆိုသည့်စကားရပ်ကို လူမှုအဖွဲ့အစည်းများ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း သဘောထားရရှိပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၅ တွင် ပါရှိသော ကိုယ်စားလှယ်နှစ်ဦး ဆိုသည့် စကားရပ်၏ရှေ့၌ ရွေးချယ်သော ဆိုသည့် စကားရပ်သည် ထည့်သွင်းရန် မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်းနှင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေကြောင်းအရ အထောက်အကူ ပြုနိုင်ရန်အတွက် ပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆)၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၅)၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၅)၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၅)နှင့် ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၅) တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း သဘောထားရရှိပါသည် -

| | |
|---|---|
| ပုဒ်မ ၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၆) - | ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တွဲဖက်အတွင်းရေးမှူး။ |
| ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲနယ်(၅) - | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေအရာရှိ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ တွဲဖက်အတွင်းရေးမှူး။ |
| ပုဒ်မ ၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၅) - | ခရိုင်ဥပဒေအရာရှိတစ်ဦး၊ ခရိုင်ဥပဒေရုံး၊ တွဲဖက်အတွင်းရေးမှူး။ |
| ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ်(၅) - | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေအရာရှိ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံး၊ တွဲဖက်အတွင်းရေးမှူး။ |
| ပုဒ်မ ၅၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲငယ်(၅) - | မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး၊ တွဲဖက်အတွင်းရေးမှူး။ |

(ဂ) ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၆၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော လိုအပ်သလို အရေးယူခြင်း၊ မှတ်ပုံတင်လဲလှယ်ခွင့်ကို ငြင်းပယ်ခြင်း ဆိုသည့် စကားရပ်ကို မှတ်ပုံတင်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် မှတ်ပုံတင်လက်မှတ် လဲလှယ်ခြင်း သို့မဟုတ်

သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်း ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း သဘောထားရရှိပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၇ တွင် ဖော်ပြထားသော ပြည်တွင်းအသင်းအဖွဲ့များသည် ဆိုသည့် စကားရပ်ကို ပြည်တွင်းအသင်းအဖွဲ့များသည် မှတ်ပုံတင်ခွင့် လျှောက်ထားရာတွင် သက်ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့များမှအပ ကျန် ပြည်တွင်းအသင်းအဖွဲ့များသည် ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း သဘောထားရရှိပါသည်။

( င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူထံ ပြန်ကြားရမည် ဆိုသည့် စကားရပ်ကို သတ်မှတ်သည့်ကာလ တိကျမှုရှိစေရန်အတွက် မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို ထိုသို့ ဆုံးဖြတ်သည့် နေ့မှစ၍ အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူထံ ပြန်ကြားရမည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်းနှင့် ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း သဘောထား ရရှိပါသည်။

( စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော အသင်းအဖွဲ့များ ဆိုသည့် စကားရပ်ကို ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း သဘောထား ရရှိပါသည်။

(ဆ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း ပုဒ်မ ၃၅ တွင် ဖော်ပြထားသော သတ်မှတ်ကာလ အများဆုံးလပေါင်း ၃၀ လျှင် တစ်ကြိမ် အသင်းအဖွဲ့အများ၏ အစီအစဉ်ဖြင့် ရွေးချယ်တင်မြှောက် တာဝန်ပေးအပ်ရမည် ဆိုသည့်စကားရပ်ကို အသင်းအဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်များကို ညှိနှိုင်းရွေးချယ်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ခွင့် ပိုမိုများပြားစေရန်နှင့် လက်တွေ့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် နှစ်နှစ်လျှင်တစ်ကြိမ် အသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့် ညှိနှိုင်းရွေးချယ် တာဝန်ပေးအပ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း သဘောထားရရှိပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်(၂)ဦးနှင့် ပြည်ထဲရေးဝန်ကြီးဌာန မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်း ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၌ စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားရှိချက်များအနက် ဥပဒေကြမ်း၏ အမည် အခန်း(၁) အပိုဒ် ၂(င)(ဈ)။ အခန်း(၂) အပိုဒ် ၃(က)(ခ)(ဃ)။ အခန်း(၃) အပိုဒ် ၄၊ အပိုဒ် ၅(ခ)(၂)(၄)(ဂ)၊ အပိုဒ် ၆ (က)(ခ)။ အခန်း(၄) အခန်းခေါင်းစဉ်၊ အပိုဒ် ၇(ဋ)၊ အပိုဒ် ၈(က)(၂)၊ (ဂ)(၂)၊ အပိုဒ်၉၊ အပိုဒ် ၁၁။ အခန်း(၅) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆။ အခန်း(၇) အခန်းခေါင်းစဉ်။ အပိုဒ် ၁၈၊ အပိုဒ်၁၉၊ အပိုဒ်၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂။ အခန်း(၈) အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ်၂၆၊ အပိုဒ် ၂၇။ အခန်း(၉) အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁) အပိုဒ်၂(ခ)(ဂ)(ဃ)(စ)(ဈ)(ည)(ဋ)(ဏ)

၂။ (ခ) ပြည်ထောင်စုအစိုးရအဖွဲ့ ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ ကို ဆိုသည်၊

(ဂ) ပြည်ထောင်စုမှတ်ပုံတင်ရေး အဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ပြည်ထောင်စုအဆင့် အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့် အဖွဲ့ကို ဆိုသည်၊

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့် အဖွဲ့ကို ဆိုသည်၊

( စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေး အဖွဲ့ ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့် အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဆောင်ရွက်ပေးသည့် အဖွဲ့ကိုဆိုသည်၊

( ဈ) ပြည်တွင်းအသင်းအဖွဲ့ ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဥ်တစ်ခုခုအတွက်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက် လည်းကောင်း၊ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော လူအများ စုပေါင်းဖွဲ့စည်းထား သည့် အကျိုးအမြတ်မယူသော နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့များ၏ အဖွဲ့ခွဲများလည်း ပါဝင်သည်၊

(ည) နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခု တွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက် ရန် ရည်ရွယ်သောအဖွဲ့အစည်းကို ဆိုသည်၊

( ဋ) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနကိုဆိုသည်၊

(ဏ) ညွှန်ကြားရေးမှူး ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် က အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်အတွက် တာဝန်ပေးအပ်ထားသော ညွှန်ကြားရေးမှူး ကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

**အချိန်၊ ၁၀း၄၈။**

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီမှာ ဆွေးနွေးခဲ့စဥ်က ဦးမောင်အေးထွန်း ရဲ့ အကြံပြုချက်ကို အခြေခံပြီးတော့ ကျွန်တော်တို့က ညှိနှိုင်းဆွေးနွေးခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က အသင်းအဖွဲ့ကို နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ဆိုတော့ တော်တော်နည်းနေပါတယ် ဆိုပြီးတော့ ဦးမောင်အေးထွန်း က ထောက်ပြခဲ့ ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ငါးဦးနဲ့ ငါးဦးအထက် ဆိုပြီးတော့ ကျွန်တော်တို့က ပြင်လိုက်

ပါတယ်ခင်ဗျား။ အဲဒါ ကျွန်တော်တို့ အခု Typing Error အနေနဲ့လို ဒီအထဲမှာ ဒီလိုပြန်ဖြစ်သွားတဲ့အတွက် အချိန်မီ ကျွန်တော် ဥက္ကဋ္ဌကြီးကို ပြန်လည်တင်ပြပါတယ်။ ငါးဦးနဲ့ ငါးဦးအထက် ဆိုပြီး။

**ဥက္ကဋ္ဌ။** ။ ကောင်းပါတယ်။ ဆီလျော်ပါတယ်။

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။ ဟုတ်ကဲ့ပါ။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ (ဈ) ပြန်ဖတ်ပြပါ့မယ်။ ပြည်တွင်းအသင်းအဖွဲ့ ဆိုသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ ရည်ရွယ်ချက် တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခုအတွက်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွားအတွက် လည်းကောင်း၊ ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူအများ စုပေါင်းဖွဲ့စည်းထားသည့် အကျိုးအမြတ် မယူသော နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့ များ၏ အဖွဲ့ခွဲများလည်း ပါဝင်သည်။

အခု ပြင်ဆင်ချက်နဲ့ ပတ်သက်လို့ လွှတ်တော်ရဲ့ သဘောထားဆန္ဒ ပြန်ယူပါ့မယ်။

လွှတ်တော် က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) အပိုဒ် ၂(ခ)(ဂ)(ဃ)(စ)(ဈ)(ည)(ဋ)(ဏ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အခန်း(၁) အပိုဒ် ၂(ခ)(ဂ)(ဃ)(စ)(ဈ)(ည)(ဋ)(ဏ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂) အပိုဒ် ၃(င)

၃။ (င) လူမှုရေးအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂) အပိုဒ် ၃(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂) အပိုဒ် ၃(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၃) အပိုဒ် ၄ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅(က)(၆) (ခ)(၃)(၅) (ဂ)(၃)(၅)၊ (ဃ)(၁)(၂)(၃)(၄)(၅) (င)(၃)(၅)၊ အပိုဒ် ၆(င)(စ)

၄။ (က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့၊

(ဂ) နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေး အဖွဲ့၊

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၆) ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တွဲဖက်အတွင်းရေးမှူး၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည် -

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး၊ အဖွဲ့ဝင်များ၊

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ တွဲဖက်အတွင်းရေးမှူး

(ဂ) (၃) နေပြည်တော်ကောင်စီအသင်း အဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး၊ အဖွဲ့ဝင်များ၊

(၅) ခရိုင်ဥပဒေအရာရှိတစ်ဦး၊ ခရိုင်ဥပဒေရုံး၊ တွဲဖက်အတွင်းရေးမှူး၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေး အဖွဲ့ဖွဲ့စည်းခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့ အား အောက်ပါပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရမည် -

(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး၊ ဥက္ကဋ္ဌ၊

(၂) ခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အဖွဲ့ဝင်၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး၊ အဖွဲ့ဝင်၊

(၄) လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အတွင်းရေးမှူး၊

(၅) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေအရာရှိ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေရုံး၊ တွဲဖက်အတွင်းရေးမှူး၊

(င) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၃) မြို့နယ်အဆင့်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး၊ အဖွဲ့ဝင်များ၊

(၅) မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး၊ တွဲဖက်အတွင်းရေးမှူး၊

၆။ (င) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းကိုလည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် လုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့တို့ကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း တို့ကိုလည်းကောင်း ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဖောက်ဖျက်ကြောင်း တွေ့ရှိရပါက မှတ်ပုံတင်လက်မှတ် လဲလှယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်း ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃) အပိုဒ် ၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅(က)(၆)(ခ)(၃)(၅)၊ (ဂ)(၃)(၅)၊ (ဃ)(၁)(၂)(၃)(၄)(၅)၊ (င)(၃)(၅)၊ အပိုဒ် ၆(င)(စ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃) အပိုဒ် ၄(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၅(က)၊ (ဖ)(ခ)(၃)(၅)၊ (ဂ)(၃)(၅)၊ (ဃ)(၁)(၂)(၃)(၄)(၅)၊ (င)(၃)(၅)၊ အပိုဒ် ၆(င)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄) အပိုဒ် ၇(ည)၊ အပိုဒ် ၈(က)(၁)(၃) (ဂ)(၁)(၃)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃

၇။ နိုင်ငံတစ်ဝန်းလုံးတွင် လုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့များမှအပ ကျန်ပြည်တွင်းအသင်းအဖွဲ့များသည် ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါသတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည် -

(ည) အသင်းအဖွဲ့ အသင်းဖွဲ့စည်းပုံနှင့် စည်းမျဉ်း၊

၈။ (က) (၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့ — ၆၀ ရက်

(၃) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ — ၃၀ ရက်

(ဂ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ်သည့် နေ့မှစ၍ အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူထံ ပြန်ကြားရမည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့ — ၃၀ ရက်

(၃) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ — ၁၅ ရက်

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

၁၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန် မလို။

၁၃။ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ ခရိုင်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။ သက်ဆိုင်ရာ ခရိုင်အတွင်းရှိ အခြားမြို့နယ်များသို့ သွားရောက်လှုပ်ရှားလိုပါက သွားရောက်လိုသော မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့သို့ အသိပေး တင်ပြရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄) အပိုဒ် ၇(ည)၊ အပိုဒ် ၈(က)(၁)(၃) (ဂ)(၁)(၃)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄) အပိုဒ် ၇(ည)၊ အပိုဒ် ၈(က)(၁)(၃) (ဂ)(၁)(၃)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅) အပိုဒ် ၁၄

၁၄။ နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ သို့မဟုတ် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင်လက်မှတ်ရရှိရန်အတွက် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ယင်းအသင်းအဖွဲ့၏ တာဝန်ခံက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၄၊ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅) အပိုဒ် ၁၄၊ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆) အပိုဒ် ၁၇(ဂ)

၁၇။ (ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆) အပိုဒ် ၁၇(ဂ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆) အပိုဒ်၁၇(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၉) အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇(က)(ခ)(ဂ)

၃၄။ မှတ်ပုံတင်ခြင်း မပြုရသေးသော နိုင်ငံတကာ အစိုးရမဟုတ်သော အသင်းအဖွဲ့တစ်ခုသည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့နေသည့်ဒေသတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ ပြည်ထောင်စုမှတ်ပုံတင်ရေး အဖွဲ့က ယာယီမှတ်ပုံတင်ခွင့်လက်မှတ်ကို ဆောလျင်စွာ ထုတ်ပေးရမည်။

၃၆။ အဆင့်ဆင့်သော မှတ်ပုံတင်အဖွဲ့များအတွက် အသင်းအဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်များကို နှစ်နှစ်လျှင် တစ်ကြိမ် အသင်းအဖွဲ့များ၏အစီအစဥ်ဖြင့် ညှိနှိုင်းရွေးချယ် တာဝန်ပေးအပ်နိုင်သည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဥ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့ တို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉) အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇(က)(ခ)(ဂ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉) အပိုဒ် ၃၄၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇(က)(ခ)(ဂ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၁:၀၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁:၀၃ နာရီတွင် ရပ်နားပြီး ၁၁:၁၈ အချိန်တွင် ပြန်လည်ကျင်းပ ပါသည်။]

**အချိန်၊ ၁၁:၁၈။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်ကျင်းပတော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁:၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၌ စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုထားရှိချက်များအနက် -

ဥပဒေကြမ်း၏အမည်

အခန်း(၁) အပိုဒ် ၂(က)(ခ)(ဂ)(ဆ)(ဈ)(ည)(ပ)၊

အခန်း(၂) အပိုဒ် ၃(ဂ)(င)(ဆ)၊

အခန်း(၃) အခန်းခေါင်းစဉ်၊

အခန်း(၄) အပိုဒ် ၆(ခ)၊ အပိုဒ် ၇(ခ)(င)(စ)(ဇ)၊

အခန်း(၅) အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄(က)(ခ)၊ အပိုဒ် ၁၅(က)(ခ)၊

အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈

အခန်း(၈) အပိုဒ် ၂၃၊

အခန်း(၉) အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊

အခန်း(၁၀) အပိုဒ် ၂၇(က)(ခ)(ဂ)(ဃ)၊

အခန်း(၁၁) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၉၊ အပိုဒ် ၃၁ တို့ကို ဥပဒေကြမ်းကော်မတီက ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်းထားရှိရန် တင်ပြထားပါတယ်။

ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို သဘောတူ မတူ လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁) အပိုဒ် ၂(ထ)

၂။ (ထ) ဦးစီးဌာနဆိုသည်မှာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် တာဝန်ပေးသော ဦးစီးဌာနကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁) အပိုဒ် ၂(ထ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁) အပိုဒ် ၂(ထ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အခန်း(၃) အပိုဒ် ၄ (က)(၁)(၂)(၃)(၄)(၅)၊ အပိုဒ် ၅(ခ)(ဂ)(ဃ)(င)(စ)(ဆ)

၄။ အစိုးရအဖွဲ့သည်၊

(က) အမျိုးသားစံချိန်စံညွှန်းကောင်စီကို အဖွဲ့ဝင် ၃၀ ဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(၁) အစိုးရအဖွဲ့က တာဝန်ပေးသော ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်၊ ဥက္ကဋ္ဌ၊

(၂) ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များ၊

(၃) အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်များ၊

(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်များနှင့် အခြား သင့်လျော်သော ပုဂ္ဂိုလ်များ၊ အဖွဲ့ဝင်များ၊

(၅) ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ အတွင်းရေးမှူး၊

၅။ (ခ) အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများ၊ ဒေသဆိုင်ရာ စံချိန်စံညွှန်းများနှင့် ပြည်ပနိုင်ငံ စံချိန်စံညွှန်းများအနက် သင့်လျော်သော စံချိန်စံညွှန်းများကို လက်ခံ၍ ဖြစ်စေ၊ မြန်မာနိုင်ငံ၏ အခြေအနေနှင့်အညီ ပြောင်းလဲ၍ဖြစ်စေ မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ကုန်ကြမ်းပစ္စည်း၊ စက်ကိရိယာတန်ဆာပလာ၊ ထုတ်ကုန်၊ ထုတ်လုပ်မှုနည်းစဉ်၊ စမ်းသပ်စစ်ဆေးနည်းများ၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဃ) သွင်းကုန်ပစ္စည်းနှင့် ပို့ကုန်ပစ္စည်းများအတွက် မြန်မာနိုင်ငံစံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(င) မြန်မာနိုင်ငံစံချိန်စံညွှန်းများတွင် မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းများကို သတ်မှတ်ခြင်း၊

(စ) မြန်မာနိုင်ငံစံချိန်စံညွှန်းများကို သက်ဆိုင်ရာ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများက လက်ခံကျင့်သုံးရေးအတွက် ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

(ဆ) မြန်မာနိုင်ငံစံချိန်စံညွှန်းဆိုင်ရာကိစ္စများနှင့် ရန်ပုံငွေဆိုင်ရာကိစ္စများကို အစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံ တင်ပြခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃) အပိုဒ် ၄(က)(၁)(၂)(၃)(၄)(၅)၊ အပိုဒ် ၅(ခ)(ဂ)(ဃ)(င)(စ)(ဆ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃) အပိုဒ် ၄(က)(၁)(၂)(၃)(၄)(၅)၊ အပိုဒ် ၅(ခ)(ဂ)(ဃ)(င)(စ)(ဆ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၄) အပိုဒ် ၆(က)

၆။ (က) ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခြားသင့်လျော်သည့် ပညာရှင်တစ်ဦးဦးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သိပ္ပံနှင့် အင်ဂျင်နီယာဆိုင်ရာ ပညာရှင်များနှင့် ဥပဒေပညာရှင်များက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်သည့် စံချိန်စံညွှန်းလုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၄) အပိုဒ် ၆(က) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄) အပိုဒ် ၆(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀

အခန်း(၇)
ကော်မတီ၏ အရေးယူပိုင်ခွင့်

၁၉။ အရည်အသွေး ထောက်ခံချက်ရရှိသူက သက်ဆိုင်ရာ ထောက်ခံချက်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီသည် အောက်ပါ အရေးယူမှုတစ်ရပ်ရပ်ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည်၊

၂၀။ အသိအမှတ်ပြုလွှာ ရရှိသူကသက်ဆိုင်ရာ အသိအမှတ်ပြုလွှာပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ကော်မတီသည် အောက်ပါအရေးယူမှု တစ်ရပ်ရပ်ကို ဆုံးဖြတ်ဆောင်ရွက်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇) အခန်း ခေါင်းစဉ်၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈) အပိုဒ် ၂၁၊ အပိုဒ် ၂၂

၂၁။ ကော်မတီက ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၀ အရ ဆုံးဖြတ်ဆောင်ရွက်ခဲ့သော အရေးယူမှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ ကော်မတီက ချမှတ်သော အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၂၂။ ကောင်စီသည် ကော်မတီ၏ အရေးယူဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈) အပိုဒ် ၂၁၊ အပိုဒ် ၂၂ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈) အပိုဒ် ၂၁၊ အပိုဒ် ၂၂ သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၉) အပိုဒ် ၂၅(ဂ)

၂၅။ (ဂ) ကောင်စီက သတ်မှတ်သည့် မဖြစ်မနေ လိုက်နာရမည့် စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း မရှိကြောင်းသိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိလျက်နှင့်ဖြစ်စေ၊ ထုတ်ကုန်တစ်ခုခု ကို ကြော်ငြာခြင်း၊ ရောင်းချခြင်း၊ ရောင်းချရန် အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ ဝန်ဆောင်မှု တစ်ခုခုကို ကြော်ငြာခြင်း၊ ဝန်ဆောင်မှုတစ်ခုခုကို ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉) အပိုဒ် ၂၅(ဂ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉) အပိုဒ် ၂၅(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈

အခန်း (၁၀)

ရန်ပုံငွေ ထူထောင်သုံးစွဲခြင်း

၂၇။ ကော်မတီသည် မိမိ၏ ရန်ပုံငွေကို အောက်ပါ ရငွေများဖြင့် ထူထောင်ပြီး ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းနှင့်အညီ သုံးစွဲရမည် -

၂၈။ ကော်မတီ၏ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အစိုးရအသိအမှတ်ပြု စာရင်းစစ်များကစစ်ဆေး၍ စာရင်းစစ်အစီရင်ခံစာကို ကောင်စီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဘဏ္ဍာရေးနှစ်အလိုက် တင်သွင်းရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀) အခန်းခေါင်းစဉ်၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၁) အပိုဒ် ၃၀၊ အပိုဒ် ၃၃(က)(ခ)(ဂ)

၃၀။ ဦးစီးဌာနသည် ကောင်စီနှင့် ကော်မတီ၏ ဉာဏ်ပူဇော်ခ အပါအဝင် ကုန်ကျစရိတ်နှင့် ရုံးလုပ်ငန်းများကို တာဝန်ယူစီစဉ်ဆောင်ရွက်ပေးရမည်။

၃၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကော်မတီနှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၁) အပိုဒ် ၃၀၊ အပိုဒ် ၃၃(က)(ခ)(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၁) အပိုဒ် ၃၀၊ အပိုဒ် ၃၃(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

အခန်း(၃) အပိုဒ် ၅ နှင့် အခန်း(၄) အပိုဒ် ၈ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို အင်္ဂလိပ် ဘာသာသို့လည်းကောင်း ဘာသာပြန်ဆို ထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အား အထူး တာဝန်တစ်ရပ်အဖြစ် ပေးအပ်၍ ဆောလျင်စွာ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၃၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ) က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို အင်္ဂလိပ် ဘာသာသို့လည်းကောင်း၊ ဘာသာပြန်ဆိုထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အား အထူးတာဝန် တစ်ရပ်အဖြစ် ပေးအပ်၍ ဆောလျင်စွာ ဆောင်ရွက်စေရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်း လိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးအောင်ငြိမ်း အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၉။**

**ဦးအောင်ငြိမ်း (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ

ဦးအောင်ငြိမ်း ဖြစ်ပြီး၊ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အား အထူးတာဝန်တစ်ရပ်အဖြစ်ပေးအပ်၍ ဆောလျှင်စွာ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကျွန်တော်တင်သွင်းမယ့် အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ လွတ်လပ်ရေးမရမီကာလ အစိုးရစာတော်ပြန်ဌာန ဖွဲ့စည်းဆောင်ရွက်မှု အခြေအနေ၊ လွတ်လပ်ရေးရပြီးကာလ မြန်မာဘာသာပြန် ဥပဒေနှင့် ဥပဒေဝေါဟာရ အကြံပေးကော်မတီဖွဲ့စည်းဆောင်ရွက်မှု၊ တော်လှန်ရေးကောင်စီကာလ ရှေ့နေချုပ်ရုံးက ဆောင်ရွက်မှု အခြေအနေ၊ ပြည်သူ့လွှတ်တော်ကာလ ရှေ့နေချုပ်ဌာနကို ဗဟိုဥပဒေရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းမှု ဆောင်ရွက်မှုအခြေအနေ၊ နိုင်ငံတော်ငြိမ်းဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ နိုင်ငံတော်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ ရှေ့နေချုပ်အား တာဝန်ပေးအပ်မှုနဲ့ ပြည်ထောင်စုလွှတ်တော်ကာလ ပြည်ထောင်စုရှေ့နေချုပ်အား တာဝန်ပေးအပ်ခြင်းတို့နဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြပြီး အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ လွတ်လပ်ရေးမရမီကာလ အစိုးရစာတော်ပြန်ဌာန ဖွဲ့စည်းဆောင်ရွက်ခြင်းနဲ့ ပတ်သက်လို့ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ၁၈၂၆ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားပြီးနောက် ရခိုင်နဲ့ တနင်္သာရီသည်လည်းကောင်း၊ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်ပွားပြီးနောက် ပဲခူးနဲ့ မုတ္တမသည်လည်းကောင်း၊ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ပြီးနောက် ၁၈၆၂ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်၏ အုပ်စိုးမှုအောက်၌ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ပြန်ထားသော အိန္ဒိယအက်ဥပဒေများကို စတင်ကျင့်သုံးခဲ့ပါတယ်။

ထို့နောက် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ခုလုံး အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရာ ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့မှစ၍ အိန္ဒိယဘုရင်ခံချုပ်၏အောက်တွင် အိန္ဒိယ၏ ပြည်နယ်တစ်ခုအဖြစ် တည်ရှိခဲ့ပြီး၊ အဆိုပါ အိန္ဒိယအက်ဥပဒေများကို အာဏာသက်ရောက်စေခဲ့ပါတယ်။ ဗြိတိသျှတို့က မြန်မာနိုင်ငံအတွက် ပြဋ္ဌာန်းခဲ့သော အက်ဥပဒေများသည် မြန်မာတို့ လိုက်နာရမည့် ဥပဒေများ ဖြစ်လာခဲ့ပါတယ်။ အင်္ဂလိပ်ဘာသာစကားသည်လည်း ရုံးသုံးဘာသာစကားဖြစ်ခဲ့ရာ တရားစီရင်ရေး၊ အုပ်ချုပ်ရေးနဲ့ အခွန်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ စသည်တို့ကို အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပါတယ်။ ယင်းတို့ကို မြန်မာတိုင်းရင်းသားများက သိရှိနားလည်လိုက်နာရေးသည် ဗြိတိသျှတို့အတွက် အရေးကြီးသည်ဖြစ်ရာ ယင်း ဥပဒေ၊ နည်းဥပဒေ စသည်များကို မြန်မာဘာသာသို့ ပြန်ဆိုရေးသည် ဗြိတိသျှအုပ်ချုပ်ရေးစနစ်၏ လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။

ဒါကြောင့် အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုရေးလုပ်ငန်းသည် မြန်မာနိုင်ငံတွင် ဗြိတိသျှအုပ်ချုပ်ရေးစနစ်စတင်စဉ်ကပင် ပေါ်ပေါက်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို အိန္ဒိယပြည်နယ်အဖြစ်မှ ခွဲထုတ်ပြီးနောက် ၁၉၃၅ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု အက်ဥပဒေပုဒ်မ ၁၄၈ အရ၊ ယခင် အိန္ဒိယ၏ ပြည်နယ်အဖြစ် ရှိစဉ်က

အတည်ဖြစ်ခဲ့သော အင်္ဂလိပ်ဘာသာဖြင့် အက်ဥပဒေများသည် မြန်မာနိုင်ငံအတွက် ဆက်လက်အာဏာတည်ခဲ့ပါတယ်။ အင်္ဂလိပ်ဘာသာဖြင့်ရှိသော အက်ဥပဒေများအား ဥပဒေဘာသာ ပြန်ဆိုခြင်းလုပ်ငန်းများဆောင်ရွက်ရန် အစိုးရစာတော်ပြန်ဌာနကို ပြည်ထဲရေးဌာနလက်အောက်၌ ၁၈၈၆ ခုနှစ်ကပင် ဖွဲ့စည်းထားရှိခဲ့ပါတယ်။

ယင်းဌာန၏ တာဝန်မှာ အက်ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေ အစရှိသည့် ဥပဒေဆိုင်ရာများ၊ အမိန့်ကြော်ငြာစာများ၊ စာချွန်လွှာများ၊ ဥပဒေပြုအဖွဲ့၏ မှတ်တမ်းများနှင့် ဌာနဆိုင်ရာပုံစံများ၊ ညွှန်ကြားချက်များကို မြန်မာဘာသာသို့ ပြန်ဆိုပေးရခြင်း ဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေးဌာနကို ဖွဲ့စည်းသောအခါ အစိုးရစာတော်ပြန်ဌာနကို ဖျက်သိမ်းပြီး၊ ယင်းဌာနရှိ ဝန်ထမ်းများအား ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေးဌာနခွဲတွင် သွတ်သွင်းခန့်ထားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး လွတ်လပ်ရေးရပြီးကာလ မြန်မာဘာသာပြန် ဥပဒေနှင့်ဥပဒေဝေါဟာရ အကြံပေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့်ပတ်သက်လို့ တင်ပြပါမယ်။ ရုံးသုံးဘာသာစကားနှင့် စပ်လျဉ်း၍ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၆ တွင် မြန်မာဘာသာသည်ရုံးသုံးစာ ဖြစ်ရမည်။ သို့ရာတွင် အင်္ဂလိပ်ဘာသာကိုလည်း သုံးစွဲခွင့်ပြုနိုင်သည် ဟု ပြဋ္ဌာန်းခဲ့ပါတယ်။ ထိုပြဋ္ဌာန်းချက်အရ အင်္ဂလိပ်ဘာသာဖြင့် ရှိနေသော ဥပဒေများကို မြန်မာဘာသာပြန်ဆိုရန် လိုအပ်လာပါတယ်။ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေများကို မြန်မာဘာသာပြန်ဆိုခြင်း၊ အချို့သောဥပဒေဝေါဟာရများအတွက် အဓိပ္ပာယ်တူညီသော မြန်မာဘာသာဝေါဟာရများ ထားရှိခြင်းနဲ့ ဥပဒေပုံစံများကိုလည်းကောင်း၊ ထုံးနည်းများကိုလည်းကောင်း၊ မြန်မာဘာသာဖြင့် ထုတ်ပြန်ကြေညာခြင်းတို့ကိုဥပဒေကိစ္စများအလို့ငှာ ပြဋ္ဌာန်းရန်လိုအပ်သည် ဖြစ်သောကြောင့်ဟူ၍ နိဒါန်းအဖြစ် ဖော်ပြလျက်မြန်မာဘာသာပြန် ဥပဒေနှင့် ဥပဒေဝေါဟာရ အက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ မေလ(၃)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေပုဒ်မ ၃ အရ တရားရေးဌာနသည် ၁၉၄၈ ခုနှစ်၊ ဇွန်လ(၇)ရက်နေ့တွင် မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အကြံပေးကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။

ယင်းကော်မတီတွင် တရားလွှတ်တော်ချုပ်မှ တရားဝန်ကြီးတစ်ဦး၊ သို့မဟုတ် တရားလွှတ်တော်တရားဝန်ကြီးတစ်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ ရှေ့နေချုပ်အပါအဝင် ကော်မတီအဖွဲ့ဝင်ပေါင်း (၁၁)ဦးမှ (၁၅)ဦးအထိပါရှိခဲ့ပါတယ်။ ယင်းကော်မတီလက်အောက်တွင် အချိန်ပြည့်ဘာသာပြန်အမှုထမ်းကိုလည်း ဖွဲ့စည်းထားရှိခဲ့ပါတယ်။ ဘာသာပြန်အရာရှိများသည် တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာသာသာမှ အင်္ဂလိပ်ဘာသာသို့ လည်းကောင်း၊ ပြန်ဆို၍ ကော်မတီသို့ တင်ပြရပါတယ်။ တင်ပြသော ဘာသာပြန်ဆိုချက်ကို ကော်မတီ ကစိစစ်ပြီးနောက်တရားရေးဌာနဝန်ကြီးက ထုတ်ပြန်မည့် အမိန့်မူကို ရေးဆွဲ၍ တရားရေးဝန်ကြီးထံ တင်ပြရပါတယ်။ တရားရေးဝန်ကြီးက ယင်း အမိန့်မူကို အတည်ပြုပြီးနောက် မြန်မာဘာသာပြန် ဥပဒေဆိုင်ရာ အမိန့်ကိုထုတ်ပြန်ပါတယ်။ မြန်မာဘာသာပြန် ဥပဒေဝေါဟာရဆိုင်ရာ အမိန့်ကို ထုတ်ပြန်ရာတွင်လည်း အလားတူပင် ဆောင်ရွက်ရပါတယ်။ မြန်မာဘာသာပြန် ဥပဒေဆိုင်ရာအမိန့်နှင့် ဥပဒေဝေါဟာရဆိုင်ရာ အမိန့်များကို ထုတ်ပြန်ပြီးနောက် လျင်မြန်နိုင်သမျှ လျင်မြန်စွာ ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးသို့ တင်ပြရပါတယ်။

၁၉၄၈ ခုနှစ်၊ မြန်မာဘာသာပြန်ဥပဒေနဲ့ ဥပဒေဝေါဟာရ အက်ဥပဒေကို ၁၉၅၇ ခုနှစ်၊ မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရဆိုင်ရာ ဥပဒေကို ရုပ်သိမ်းသည့် အက်ဥပဒေ ၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ်၊ ၅၂ ဖြင့် ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ရုပ်သိမ်းလိုက်သဖြင့် ယင်း ဥပဒေအရ ဖွဲ့စည်းခဲ့သော မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အကြံပေးကော်မတီကိုလည်း ၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် ဖျက်သိမ်းခဲ့ပါတယ်။ ကော်မတီ၏ ဝန်ထမ်းများအား အစိုးရ ဌာန အသီးသီးရှိ လစ်လပ်သော ရာထူးများတွင် ဦးစားပေးခန့်ထားရန် စီစဉ်ပေးခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်ခြင်းနဲ့ ပတ်သက်လို့ တင်ပြရမယ်ဆိုပါက အထက်တွင် ဖော်ပြပြီးဖြစ်သည့်အတိုင်း မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိသည့် ၁၉၄၈ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ဥပဒေဘာသာပြန်ခြင်း လုပ်ငန်းကို ပြည်ထဲရေးဌာနအောက်ရှိ အစိုးရဘာသာပြန်ဌာနနှင့် တရားရေးဌာနအောက်ရှိ ဘာသာပြန်ကော်မတီ များက ဆက်စပ်ညှိနှိုင်းမှုမရှိဘဲ တစ်သီးတခြားစီ ဆောင်ရွက်လျက်ရှိကြရာ လုပ်ငန်းမတွင်ကျယ်သည်သာ မက ဝေါဟာရ ရှုပ်ထွေးမှုများလည်း ဖြစ်ပေါ်နိုင်သဖြင့် ဥပဒေဘာသာပြန်ကိစ္စနှင့် စပ်လျဉ်း၍ တရားရေး ဝန်ကြီး ခေါင်းဆောင်သောအဖွဲ့က ပြန်လည်သုံးသပ်ခဲ့ကြပါတယ်။ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ (၃)ရက်နေ့တွင် တရားရေးဝန်ကြီးရုံးခန်း၌ တရားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နိုင်ငံတော်ရှေ့နေချုပ်၊ တရားလွှတ်တော်ချုပ်တရားဝန်ကြီး၊ တရားလွှတ်တော် တရားဝန်ကြီးချုပ်၊ အတွင်းဝန်ချုပ်၊ တရားရေး ဌာနမှ အရာရှိများ၊ တရားလွှတ်တော်မှ အရာရှိများနှင့် ဘာသာပြန်ဌာနအသီးသီးမှ အရာရှိများ ပါဝင် သော အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ ယင်း အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဘာသာပြန်ဌာန၊ တရားရေးဝန်ကြီးဌာနအောက်ရှိ ဘာသာပြန်ကော်မတီနှင့် တရားလွှတ်တော်ရှိ ဘာသာပြန်ဌာနတို့အား ဌာနတစ်ခုတည်းအဖြစ် ပူးပေါင်းရေးကိစ္စကို ဆွေးနွေးခဲ့ပြီးနောက် တရား လွှတ်တော်ရှိ ကုလား၊ တရုတ် စသည့် ဘာသာစကားများအတွက် စကားပြန်များ၊ Interpreters များကို ဆက်လက်ထားရှိပြီး၊ ကျန် ဘာသာပြန်ဌာန၊ ကော်မတီများကို ပူးပေါင်း၍ ဘာသာပြန်ဌာနတစ်ခုကို ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဝန်ကြီးများအဖွဲ့သို့ တင်ပြရန် ဆုံးဖြတ်ခဲ့ပါတယ်။

၁၉၅၇ ခုနှစ်၊ ဒီဇင်ဘာလ(၂၃)ရက်နေ့တွင် ကျင်းပသော ဝန်ကြီးများ အစည်းအဝေးဆုံးဖြတ် ချက်အရ ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးကော်မတီကို ဖွဲ့စည်းလျက် ယင်းကော်မတီ အောက် တွင် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာနခွဲကို ၁၉၅၈ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ယင်း ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တရားလွှတ်တော်ဝန်ကြီး၊ တရား လွှတ်တော်ချုပ်ဝန်ကြီး၊ အဖွဲ့ဝင်များအဖြစ် နိုင်ငံတော်ရှေ့နေချုပ်၊ အခြားပုဂ္ဂိုလ်များဖြင့် အဖွဲ့၏ အတွင်းရေးမှူး အဖြစ် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးတာဝန်ခံအရာရှိတို့ ပါဝင်ကြပါတယ်။

ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာကတော့ (၁) မြန်မာနိုင်ငံ ဥပဒေပေါင်းချုပ် အတွဲ(၁၃)တွဲစလုံး ပြီးစီးအောင် ဆက်လက်၍ ပြုစုပုံနှိပ်ဖြန့်ချိရန်။ (၂) အကူးအပြောင်းကာလ၌ အင်္ဂလိပ်လက်ထက်မှ ရရှိလိုက်သော ဥပဒေများကို ဆက်လက်၍ အင်္ဂလိပ် ဘာသာဖြင့်ထားရှိရန် မလိုအပ်သည်ကတစ်ကြောင်း၊ ခေတ်နှင့်မလျော်ညီသောအချက်များကို ပြင်ဆင်ရန် လိုအပ်သည်က တစ်ကြောင်း၊ ယင်းသို့ ပြင်ဆင်ကာ မြန်မာဘာသာဖြင့် အသစ်တစ်ဖန် ပြဋ္ဌာန်းရန် လိုအပ်သည်က တစ်ကြောင်း ထိုရည်ရွယ်ရင်း အကြောင်းအရင်းများ ပြီးမြောက်စေခြင်းအလို့ငှာ အဖွဲ့က

(က) လက်ရှိ အင်္ဂလိပ် အက်ဥပဒေအသီးသီးကို မြန်မာဘာသာပြန်ဆိုရန်။ (ခ) ခေတ်နှင့်ညီအောင် လိုအပ်သော ပြင်ဆင်ချက်များကို ထည့်သွင်းကာ မြန်မာဘာသာဖြင့် ဥပဒေကြမ်းရေးဆွဲရန်။ ယခင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော အက်ဥပဒေကို ရုပ်သိမ်းကြောင်း ဥပဒေကြမ်းတွင် ထည့်သွင်း ရေးဆွဲရန်။ (ဂ) ဥပဒေကြမ်းကို ပါလီမန်သို့ တင်သွင်းရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပေးရန် တို့ ဖြစ်ပါတယ်။ (ဃ) မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသော အက်ဥပဒေတစ်ခုခုအတွက် အင်္ဂလိပ်ဘာသာဖြင့် ရှိသင့်သည် ဟု ကော်မတီက ယူဆလျှင် ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်ပင်ပြီး လိုအပ်သော ဘာသာပြန်ကို အဖွဲ့က ပြုလုပ်ပေးရန်။ (၄) အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲထားသော ဥပဒေကြမ်းများကို မြန်မာဘာသာ ပြန်ဆိုရန်။ (၅) အင်္ဂလိပ်ဘာသာဖြင့် တည်ရှိနေသော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်း ဥပဒေများနှင့် လက်ဆွဲဥပဒေများကို မြန်မာဘာသာပြန်ဆိုရန်။ (၆) အစိုးရဌာနများက မြန်မာဘာသာသို့ ဖြစ်စေ၊ အင်္ဂလိပ်ဘာသာသို့ဖြစ်စေ ပြန်ဆိုရန်ပေးပို့သည့် ဥပဒေများ၊ အမိန့်များ၊ အမိန့်ကြော်ငြာစာများ၊ စာအုပ်စာတမ်းများနှင့် ပုံစံများကို ဘာသာပြန်ဆိုရန်။ (၇) နိုင်ငံခြားနှင့် ချုပ်ဆိုသော စာချုပ်များ (Treaties)၊ သဘောတူစာချုပ်များ (Agreements) နှင့် အခြေပြုစာချုပ်များ (Protocols) တို့ကို မြန်မာဘာသာ ပြန်ဆိုရန်။ (၈) နှစ်စဉ် အင်္ဂလိပ်၊ မြန်မာ၊ ရခိုင် ပြက္ခဒိန်ရေးဆွဲရန်။ (၉) ရှေ့နေချုပ်ဌာနခွဲက ဥပဒေကြမ်းများ စိစစ်ရာ၌ အကူအညီပေးရန်တို့ ဖြစ်ပါတယ်။

အထက်ပါ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေး ဌာနခွဲရှိ ဝန်ထမ်းများက တာဝန်ခွဲဝေ ဆောင်ရွက်ရပါတယ်။ ဝန်ထမ်းတစ်ဦးစီအတွက် လုပ်ငန်းတာဝန် များကို ခွဲဝေသတ်မှတ်ပေးထားပါတယ်။ ယင်း ဌာနခွဲကို တာဝန်ခံအရာရှိက ခေါင်းဆောင်ပြီး၊ ၎င်း၏ လက်အောက်တွင် လက်ထောက်တာဝန်ခံ အရာရှိ(၄)ဦး၊ ဥပဒေရေးဆွဲရေး လက်ထောက်အရာရှိ(၂)ဦး၊ စာတော်ပြန်အရာရှိ(၈)ဦးနှင့် မြန်မာစာပြင်ဆရာများ၊ ရုံးဝန်ထမ်းများကို ခန့်ထားခဲ့ပါတယ်။ လက်ထောက် တာဝန်ခံအရာရှိများနဲ့ ဥပဒေရေးဆွဲရေး လက်ထောက်အရာရှိများတွင် အစိုးရစာတော်ပြန်ဌာန၊ စာတော်ပြန်ဝန်ထောက်(၁)ဦး ပါဝင်သည်မှအပ ကျန် အရာရှိများမှာ အငြိမ်းစား ခရိုင်တရားမနှင့် စက်ရှင် တရားသူကြီးများ ဖြစ်ကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး တော်လှန်ရေးကောင်စီကာလ ရှေ့နေချုပ်ရုံးက ဆောင်ရွက်မှုအခြေအနေကို တင်ပြပါ့မယ်။ ရှေ့နေချုပ်ဌာနတွင် ရှိခဲ့သည့် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာနခွဲမှ ရာထူးများမှာ မူလက (၁)နှစ်ပြီး (၁)နှစ်ခန့်ထားပေးထားသော ယာယီရာထူးများဖြစ်ပြီး၊ ၁၉၆၃ ခုနှစ်တွင် အငြိမ်းစား စက်ရှင် တရားသူကြီးများကို ၎င်းတို့၏ ရာထူးနှင့်တကွ ရပ်စဲ၍ ကျန် ရာထူးများအားလုံးကို အမြဲတမ်းရာထူးများ အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလတွင် ဥပဒေဘာသာပြန်နှင့် ဥပဒေ ပြင်ဆင်ရေးဆွဲရေးဌာနခွဲ တာဝန်ခံအရာရှိနှင့် လက်ထောက်တာဝန်ခံအရာရှိများကို တာဝန်မှ ရပ်စဲပြီး အောက်အဆင့်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တကွ ဌာနခွဲတစ်ခုလုံးကို ရှေ့နေချုပ်၏ ကြီးကြပ်ကွပ်ကဲမှု အောက်သို့ လွှဲပြောင်းပေးခဲ့ရာ မူလအမည်အတိုင်းပင် သီးခြားဘတ်ဂျက်ဖြင့် တည်ရှိခဲ့ပါတယ်။ ၁၉၇၂ ခုနှစ်၊ စနစ်သစ်အုပ်ချုပ်ရေးအရ အစိုးရဌာနများကို ပြုပြင်ဖွဲ့စည်းသောအခါ ဥပဒေ ဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဌာနခွဲကို ရှေ့နေချုပ်ဌာနတွင် သွတ်သွင်းဖွဲ့စည်းခဲ့ပါသဖြင့် ရှေ့နေချုပ်ရုံး၏ ဌာနစု တစ်ခု ဖြစ်လာခဲ့ပါတယ်။

ပြုပြင်ဖွဲ့စည်းသော ရှေ့နေချုပ်ဌာနတွင် ဥပဒေဘာသာပြန်နှင့် ဥပဒေပြင်ဆင်ရေးဆွဲရေး ဌာနခွဲမှ စာတော်ပြန်အရာရှိများကို ဥပဒေဘာသာပြန်များအဖြစ် ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး၊ မြန်မာစာပြင် ဆရာကြီးနှင့် မြန်မာစာပြင်ဆရာ ရာထူးအမည်များကို မူလအတိုင်းထားရှိခဲ့ပါတယ်။ တော်လှန်ရေး ကောင်စီလက်ထက်တွင် ဥပဒေဘာသာပြန်ဆိုခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းဆောင်ရွက်ခဲ့ ခြင်းမရှိပါ။ ထိုကာလတွင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို ပြင်ဆင်သည့်အခါ ရေးထုံးအရ အင်္ဂလိပ်ဘာသာဖြင့်ပင် ပြင်ဆင်ခဲ့ပါတယ်။ တော်လှန်ရေးကောင်စီကာလမှစ၍ ယခင် ပါလီမန်ကာလပြဋ္ဌာန်းသကဲ့သို့ အက်ဥပဒေ (Act) အဖြစ် ပြဋ္ဌာန်းခြင်းမပြုဘဲ ဥပဒေ (Law) အဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ ထို မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသော ဥပဒေများကိုလည်း အင်္ဂလိပ်ဘာသာသို့ ပြန်ဆို ခဲ့ခြင်းမရှိပါ။

ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ကာလ ရှေ့နေချုပ်ဌာနကို ဗဟိုဥပဒေရုံးအဖြစ်ပြောင်းလဲဖွဲ့စည်းဆောင်ရွက်မှု အခြေအနေကို တင်ပြရ ပါက ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉၈ တွင် ရုံးသုံးဘာသာနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အဖွဲ့အစည်းများအတွင်း အထက်အောက် အပြန်အလှန် ဆက်သွယ်ရာ၌လည်းကောင်း၊ အဖွဲ့အစည်းအချင်းချင်း အပြန်အလှန်ဆက်သွယ်ရာ၌ လည်းကောင်း တညီတညွတ်တည်း ဖြစ်စေရန်နှင့် အယူအဆ မကွဲစေဘဲ ရှင်းလင်းလွယ်ကူစေရန် ရုံးသုံးစာအဖြစ် မြန်မာစာကို အသုံးပြုရမည်။ လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းရင်းသားစာကိုလည်း အသုံးပြုနိုင်သည် ဟု ပြဋ္ဌာန်းခဲ့ပါတယ်။ ထို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့ကောင်စီအဆင့်ဆင့်နဲ့ ပြည်သူ့လွှတ်တော်တို့ ပေါ်ပေါက်လာခဲ့သည့် ကာလတွင်လည်း ဥပဒေဘာသာပြန်ဆိုရေးနှင့် စပ်လျဉ်း၍ သီးခြားဥပဒေ ပြဋ္ဌာန်းခဲ့ခြင်း မရှိသည့်အပြင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေအမှတ်၊ ၁၄/၇၄ တွင်လည်း ဥပဒေဘာသာပြန်ရန် တာဝန်မပါရှိခဲ့ပါ။ ယခင်က ဥပဒေဘာသာပြန်လုပ်ငန်း ဆောင်ရွက်ခဲ့သည့် ရှေ့နေချုပ်ဌာနကို ဗဟိုဥပဒေရုံးအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ ထိုသို့ ဗဟိုဥပဒေရုံးအဖြစ် ပြောင်းလဲ ဖွဲ့စည်းသောအခါ ၁၉၇၄ ခုနှစ်စ၍ မြန်မာစာပြင်ဆရာကြီးကို ဒု-ဥပဒေဘာသာပြန်အဖြစ် လည်းကောင်း၊ မြန်မာစာပြင်ဆရာများကို လက်ထောက်ဥပဒေဘာသာပြန်များအဖြစ် လည်းကောင်း ပြောင်းလဲခေါ်ဝေါ် ခဲ့ပါတယ်။

၁၉၈၂ ခုနှစ်တွင် နိုင်ငံတော်ကောင်စီက အတည်ပြုခဲ့သည့် စတုတ္ထ(၄)နှစ် စီမံကိန်းကာလ အတွင်း ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ရုံး၊ ဗဟိုဥပဒေရုံး၊ ပြည်နယ်/တိုင်း ဥပဒေရုံးများနှင့် မြို့နယ် ဥပဒေရုံးများ၏ ဖွဲ့စည်းပုံအင်အား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းရေး စီမံချက်အပိုင်း(၃)၊ စာမျက်နှာ (၇ - ၉) တို့တွင် ဥပဒေဘာသာပြန်(၈)ဦးအနက် ဥပဒေဘွဲ့ရရှိသူများကို ဥပဒေဝန်ထမ်း အဆင့်(၃)ရာထူးသို့ လည်းကောင်း၊ ဒုဥပဒေဘာသာပြန်နှင့် လက်ထောက်ဥပဒေ ဘာသာပြန်အနက် ဥပဒေဘွဲ့ ရရှိသူများအား ဥပဒေဝန်ထမ်းအဆင့်(၄)ရာထူးသို့လည်းကောင်း၊ ရာထူးတိုးမြှင့်ပေးရန် မဖြစ်နိုင်သော ဥပဒေဘာသာပြန် များကို ရုံးဝန်ထမ်းစည်းမျဉ်းများအရ အခြားရာထူးများသို့လည်းကောင်း ထိုက်သင့်သလို တိုးမြှင့်ပေး သွားမည်ဖြစ်ကြောင်းနှင့် ဥပဒေ ဘာသာပြန် ဝန်ထမ်းများကို အထက်ပါအတိုင်း ဥပဒေဝန်ထမ်းများအဖြစ် ပြောင်းလဲခန့်ထားခြင်း၊ အခြားရုံး ရာထူးဝန်ထမ်းများသို့ ပြောင်းရွှေ့ခန့်ထားခြင်း ပြုလုပ်ပေးပြီးသောအခါ ကျန်ရှိနေသူများကို အငြိမ်းစားယူသည်အထိ ဆက်လက်ထားရှိ၍ ၎င်းတို့ အငြိမ်းစား ယူသွားပါက

လူသစ်ခန့်ထားခြင်း မပြုတော့ဘဲ ယင်း ရာထူးနေရာများကို တစ်စတစ်စကုန်ဆုံး၍ ရပ်စဲစေမည် ဖြစ်ပါကြောင်း ဖော်ပြခဲ့ပါတယ်။ ဥပဒေဘာသာပြန်ဝန်ထမ်း ရာထူးအားလုံးကို ဖျက်သိမ်းခဲ့ပါတယ်။

ဆက်လက်ပြီး ဥပဒေများ စိစစ်ရေးနဲ့ ဘာသာပြန်ဆိုရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်မှုကို တင်ပြပါ့မယ်။ ၁၉၇၆ ခုနှစ်တွင် ၂၇-၆-၁၉၇၆ ရက်စွဲပါ နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/၇၆ တွင် ဥပဒေများစိစစ်ရေးနှင့် ဘာသာပြန်ဆိုရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ၁၈-၉-၁၉၇၆ ရက်နေ့ မြန်မာနိုင်ငံပြန်တမ်း အပိုင်း-၁ စာမျက်နှာ(၆၀၁) ယင်းအဖွဲ့တွင် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဗဟိုအာဏာပိုင်အဖွဲ့အစည်း (၄)ရပ်မှ ကိုယ်စားလှယ်တစ်ဦးစီနှင့် ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီအတွင်းရေးမှူးတို့က အဖွဲ့ဝင်အဖြစ် ပါဝင်ကြပါတယ်။ အဖွဲ့၏ အတွင်းရေးမှူးအဖြစ် အငြိမ်းစား တရားသူကြီးချုပ်တစ်ဦးကလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဗဟိုဥပဒေရုံး၊ ဥပဒေဘာသာပြန် တာဝန်ခံအရာရှိကလည်းကောင်း ဆောင်ရွက်ကြပါတယ်။

ဥပဒေများ စိစစ်ရေးနဲ့ ဘာသာပြန်ဆိုရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကတော့ (၁) ရှိရင်းစွဲ ဥပဒေ၊ နည်းဥပဒေများကို စိစစ်ပြီး ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သို့ တင်ပြရန်၊ (၂) နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်း အသီးသီးနှင့် သက်ဆိုင်သော ဥပဒေများကို သက်ဆိုင်ရာ အဖွဲ့အစည်းနှင့် ညှိနှိုင်း၍ မည်သည့်ဥပဒေများအား ဆက်လက်၍ ကျင့်သုံးသင့်သည်၊ မည်သည့်ဥပဒေများကို ရုပ်သိမ်းသင့်သည်များကို စိစစ်၍ ထောက်ခံတင်ပြရန်၊ (၃) ပြင်ဆင်ခြင်း၊ ပြန်လည်ရေးသားခြင်း သို့မဟုတ် ရုတ်သိမ်းခြင်း ပြုသင့်သောဥပဒေများကို စိစစ်၍ နိုင်ငံတော်ကောင်စီသို့ တင်ပြနိုင်ရေးအတွက် ဥပဒေအကျိုးဆောင်အဖွဲ့သို့ တင်ပြရန်၊ (၄) ဥပဒေများ ဘာသာပြန်ဆိုရေးအတွက် မူများချမှတ်ပေးရန်၊ (၅) မည်သည့်ဥပဒေများကို ဦးစားပေး၍ ဘာသာပြန်မည် ဟု ရွေးချယ်သတ်မှတ်ပေးရန်၊ (၆) ဘာသာပြန်ဆိုခြင်းများကို စိစစ်အတည်ပြုရန်၊ (၇) အဖွဲ့က အတည်ပြုသော ဘာသာပြန်ဥပဒေများကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ဆက်လက်ဆောင်ရွက်ရေးအတွက် တင်ပြရန်၊ (၈) ဥပဒေစိစစ်ရေးနှင့် ဘာသာပြန်ဆိုရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ရန်၊ လိုအပ်သော အဖွဲ့ငယ်များ ဖွဲ့စည်းရေးအတွက် သတ်မှတ်ပေးရန်၊ (၉) ဥပဒေစိစစ်ရေးနှင့် ဘာသာပြန်ဆိုရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ရန် ဗဟိုဥပဒေရုံးမှ ခွင့်ပြုလျက် နောင်တွင် လုပ်ငန်းပမာဏအလိုက် တိုးချဲ့ဖွဲ့စည်းခန့်ထားရန်၊ လိုအပ်လျှင် စိစစ်ထောက်ခံတင်ပြရန်၊ (၁၀) နိုင်ငံတော်ကောင်စီ၏ လမ်းညွှန်ချက်အရ တာဝန်ပေးအပ်သော ဥပဒေစိစစ်ရေးနှင့် ဘာသာပြန်ဆိုရေးနှင့် သက်ဆိုင်သည့် အခြားကိစ္စများကို ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ဥပဒေများ စိစစ်ရေးနှင့် ဘာသာပြန်ဆိုရေးအဖွဲ့ရဲ့ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ဝန်ထမ်းကိစ္စများကို ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ရုံးမှ တာဝန်ယူဆောင်ရွက်ပေးရန်နှင့် အဖွဲ့၏ အသုံးစရိတ်များကို ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ရုံး ငွေစာရင်းခေါင်းစဉ် အောက်မှ ကျခံရန် အဆိုပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/၇၆ တွင် ဖော်ပြထားပါတယ်။ ၁၉၇၈ ခုနှစ်တွင် နိုင်ငံတော်ကောင်စီက ဥပဒေကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်စေသောအခါ ဥပဒေများ စိစစ်ရေးနှင့် ဘာသာပြန်ဆိုရေးအဖွဲ့ကို ဆက်လက်ထားရှိရန် မလိုအပ်တော့ကြောင်း ဖော်ပြလျက် ယင်းအဖွဲ့ကို ၁၆-၈-၁၉၇၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ဖျက်သိမ်းခဲ့ပါတယ်။ ယင်းအဖွဲ့၏ လုပ်ငန်းတာဝန်များအနက် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့နှင့် သက်ဆိုင်သော ဥပဒေ ဘာသာပြန်ဆိုရေး လုပ်ငန်းများမှအပ

ဥပဒေစိစစ်ရေးနှင့် ဘာသာပြန်ဆိုရေးအဖွဲ့က လုပ်ငန်းတာဝန်များနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဥပဒေကော်မရှင်သို့ လွှဲပြောင်းပေးခဲ့ပါတယ်။

နိုင်ငံတော်ကောင်စီက အတည်ပြုထားသော ဗဟိုဥပဒေရုံး တိုးချဲ့ဖွဲ့စည်းပုံအရ ဥပဒေဘာသာပြန်ခြင်းနှင့် မြန်မာဘာသာဖြင့် ပြန်လည်စိစစ်ရေးဆွဲခြင်းကို ဥပဒေ အကြံဉာဏ်ပေးရေးဌာန၊ ဌာန(၂)၊ ဌာနခွဲ(၅)က ဆောင်ရွက်ရန် လုပ်ငန်းတာဝန်အဖြစ် ဖော်ပြခဲ့ပါတယ်။ ဗဟိုဥပဒေရုံး တိုးချဲ့ဖွဲ့စည်းပုံဇယားတွင်လည်း ဌာန(၂)၊ ဌာနခွဲ(၅)၏ ဥပဒေဝန်ထမ်းအင်အား (၂၃)ဦးရှိသည့်အနက် ဥပဒေဝန်ထမ်း အဆင့်(၁)၊ (၁)ဦး၊ အဆင့်(၂)၊ (၂)ဦး၊ အဆင့်(၃)၊ (၄)ဦး၊ အဆင့်(၄)၊ (၅)ဦး၊ ပေါင်း(၁၂)ဦး တို့မှာ ဥပဒေဘာသာပြန် တာဝန်နှင့် ဥပဒေပြန်လည်စိစစ်ရေးဆွဲရေး တာဝန်ထမ်းဆောင်ကြရန် ဖြစ်ကြောင်း ဖော်ပြထားပါတယ်။ ယင်းသို့ ဖော်ပြခဲ့ရာ၌ အင်္ဂလိပ်ဘာသာဖြင့်ရှိသော တည်ဆဲဥပဒေ၊ နည်းဥပဒေတစ်ရပ်လုံးကို ဘာသာပြန်ပေးရန် ရည်ရွယ်လျက် ဖော်ပြခဲ့ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာ ဌာနကသာ ဘာသာပြန်ပြီး ဥပဒေ၊ နည်းဥပဒေ စာမူကြမ်းများကို စိစစ်ပြင်ဆင်ပေးခြင်းနှင့် အချို့ကိစ္စများတွင် လိုအပ်ချက်အရ ကောက်နုတ်ဘာသာပြန်ခြင်းတို့ကို ရည်ရွယ်လျက် ဖော်ပြခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဆိုရှယ်လစ်အစိုးရ ပြည်သူ့လွှတ်တော်ကာလ၌ ၂-၃-၁၉၇၄ မှ ၁၇-၉-၁၉၈၈ နေ့အထိ ပြဋ္ဌာန်းဥပဒေ (၁၂၅)ခုအနက် ဥပဒေ(၂)ခုဖြစ်သည့် မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ ၁၉၇၇ ခုနှစ်နှင့် မြန်မာနိုင်ငံသား ဥပဒေ ၁၉၈၂ ခုနှစ်တို့ကိုသာ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့ကြောင်း ရှေ့နေချုပ်ရုံးရှိ ဘာသာပြန် အထောက်အထားများအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကာလ ရှေ့နေချုပ်အား တာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်လို့ ဆက်လက်တင်ပြပါ့မယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလတွင် နိုင်ငံ၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဖော်ဆောင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဖိတ်ခေါ်ချိန်၌ ပြဋ္ဌာန်းသည့် ဥပဒေကိုလည်း ဘာသာပြန်ဆိုရန် လိုအပ်လာသောကြောင့် ရှေ့နေချုပ်ဥပဒေ၊ ဥပဒေအမှတ်၊ ၃/၈၈၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(င)တွင် ရှေ့နေချုပ်၏ တာဝန်အဖြစ် ဥပဒေများစိစစ်ခြင်း၊ ရေးဆွဲခြင်း၊ ဘာသာပြန်ဆိုခြင်း၊ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း၊ ဥပဒေလက်စွဲစာအုပ်များ ထုတ်ဝေခြင်းဆိုပြီး တာဝန်ပေးထားပါတယ်။ ရှေ့နေချုပ်ရုံးတွင် ဖွဲ့စည်းပုံပြင်ဆင်ပြီး ဌာနကြီး(၄)ခုခွဲကာ ဌာန(၁) ဥပဒေရေးဆွဲရေးနှင့် ဘာသာပြန် ဆိုရေးဌာနကို ဖွဲ့စည်း၍ ဌာန(၁)၊ ဌာနခွဲ(၃)အဖြစ် ဥပဒေဘာသာပြန်နှင့် ဥပဒေသုတေသနဌာနခွဲ ဟု ဖွဲ့စည်းခဲ့ပါတယ်။

ဗဟိုဌာနခွဲတွင် ဘာသာပြန်အရာရှိများကို ခန့်အပ်တာဝန်ပေးအပ်သည့်အပြင် အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သည့် အငြိမ်းစား မစ္စတာဂို့ရှ် နှင့် ဒေါ်မူမူဝင်းတို့ကို ကျွမ်းကျင်သူများအဖြစ် နှစ်စဉ်ဆက်ကာဆက်ကာ နှစ်ပေါင်း(၂၀)နီးပါးမျှ တာဝန်ပေးအပ်ခဲ့ပါတယ်။ ယခုအခါ မစ္စတာဂို့ရှ် ဟာ ကွယ်လွန်သွားပြီး ဒေါ်မူမူဝင်း မှာလည်း အသက်ကြီးရင့်သွားသဖြင့် တာဝန်ကို မဆောင်ရွက်နိုင်တော့ပါ။ န.ဝ.တ နှင့် န.ယ.က လက်ထက်တွင် ပြဋ္ဌာန်းသည့် ဥပဒေအားလုံးကို အစိုးရအဖွဲ့သို့ တင်သွင်းရန်ဆောင်ရွက်နေချိန်မှစ၍ ရှေ့နေချုပ်ရုံး၊ ဥပဒေဘာသာပြန်ဌာနခွဲမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရပါတယ်။ ရှေ့နေချုပ်ရုံးမှ ဘာသာပြန်အရာရှိများနှင့် ကျွမ်းကျင်သူများက ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်းအတွက် လိုအပ်လျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ပြန်ဆိုကြပါတယ်။ ထိုသို့

ဥပဒေမူကြမ်း၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက် အဆင်သင့်ဖြစ်သည့်အခါ န.ဝ.တ၊ န.ယ.က ဥက္ကဋ္ဌ ရုံးသို့ ရှေ့နေချုပ်ရုံးက ပေးပို့ရပါတယ်။ ထုတ်ပြန်မည့် ဥပဒေကို နှစ်(၁၀၀)ခံစက္ကူ (Goat Skin) ဖြင့် အစိုးရ ပုံနှိပ်တိုက်က ရိုက်နှိပ်ပြီးသည့်အခါ အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်ကလည်း အဆင်သင့်ဖြစ်လျှင် န.ဝ.တ၊ န.ယ.က ဥက္ကဋ္ဌ က လက်မှတ်ရေးထိုးပါတယ်။

ထိုသို့ ရေးထိုးပြီး ထုတ်ပြန်သည့်အခါ မြန်မာ/အင်္ဂလိပ် သတင်းစာများတွင် မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာဖြင့် တစ်ပြိုင်နက်တည်း အသီးသီး ထည့်သွင်းကြေညာပါတယ်။ ပြောင်းလဲလာသည့် အခြေအနေများအရ ရှေ့နေချုပ်ဥပဒေ အမှတ်၊ ၃/၈၈ ကို ရုတ်သိမ်းပြီး ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ် ဥပဒေ အမှတ်၊ ၁/၂၀၀၁ ကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ရာ ဥပဒေ ပုဒ်မ ၃ ပါ ရှေ့နေချုပ်၏ တာဝန်များတွင် ပုဒ်မ ၃၊ ပုဒ်မခွဲ(င)၌ ဥပဒေများစိစစ်ခြင်း၊ ရေးဆွဲခြင်းနှင့် ဘာသာပြန်ဆိုခြင်း ဆိုပြီး တာဝန်ပေးထားပါတယ်။ အဆိုပါ ရှေ့နေချုပ်ဥပဒေအမှတ်၊ ၃/၈၈ နှင့် ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေတို့ပါ ရှေ့နေချုပ်၏ တာဝန်အရ န.ဝ.တ လက်ထက်တွင် ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း(၁၃၉)ခုကို လည်းကောင်း၊ န.ယ.က လက်ထက်တွင် ပြဋ္ဌာန်းသည့် ဥပဒေပေါင်း(၁၄၁)ခုကိုလည်းကောင်း အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်နှင့် အတူ ထုတ်ပြန်ကြေညာနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုလွှတ်တော်ကာလ ပြည်ထောင်စု ရှေ့နေချုပ်အား တာဝန်ပေးအပ်ခြင်းနှင့် ပတ်သက်၍ တင်ပြရမည်ဆိုပါက ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၅၀ တွင် မြန်မာစာသည် ရုံးသုံးဘာသာ ဖြစ်သည် ဟု ပြဋ္ဌာန်းထားပါတယ်။ ထိုပြဋ္ဌာန်းချက်အရ ဥပဒေများကို မြန်မာဘာသာဖြင့် ပြဋ္ဌာန်းသော်လည်း အင်္ဂလိပ်ဘာသာဖြင့် ရှိနေသော တည်ဆဲဥပဒေများကို ပြင်ဆင်သည့်အခါ ပြင်ဆင်အစားထိုးသည့် စာသားကို အင်္ဂလိပ်ဘာသာဖြင့်ပင် သုံးနှုန်းရပါတယ်။ ၂၀၁၁ ခုနှစ်၊ ရှေ့နေချုပ် ဥပဒေ ကို ရုတ်သိမ်းပြီး အသစ်ပြဋ္ဌာန်းသည့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအမှတ်၊ ၂၂/၂၀၁၀၊ ပုဒ်မ ၁၂ ပါ ပြည်ထောင်စု ရှေ့နေချုပ်၏တာဝန်များတွင် ဥပဒေစိစစ်ရေးဆွဲခြင်းလုပ်ငန်းတာဝန် မပါရှိတော့ဘဲ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ည) ၌ ဥပဒေများကို ဘာသာပြန်ဆိုခြင်း ဟု ပါရှိပါတယ်။ ထိုပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို စျေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကပါ သိရှိ နားလည်ရန် လိုအပ်သည့်အတွက် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရန် လိုအပ်ပါတယ်။

ထို့အပြင် မြန်မာစာသည် ရုံးသုံးစာဖြစ်သဖြင့် တည်ဆဲအင်္ဂလိပ်ဘာသာဖြင့် ရှိနေသော တည်ဆဲဥပဒေများကိုလည်း မြန်မာဘာသာပြန်ဆိုရန် လိုအပ်ပါတယ်။ ထိုသို့ ဥပဒေများကို ဘာသာပြန် ဆိုရန် တာဝန်ရှိပါသော်လည်း ပြည်ထောင်စုလွှတ်တော်က ၃၁-၃-၂၀၁၁ ရက်နေ့မှ ၃၁-၁၂-၂၀၁၃ ရက်အထိ ပြဋ္ဌာန်းသည့် ဥပဒေပေါင်း(၇၆)ခု နဲ့ ၁-၁-၂၀၁၄ မှ ၁၄-၃-၂၀၁၄ ရက်နေ့အထိ ပြဋ္ဌာန်းသည့် ဥပဒေပေါင်း(၁၃)ခုတို့ကို အားလုံးနီးပါးမျှ န.ဝ.တ နှင့် န.ယ.က လက်ထက်က ပြဋ္ဌာန်းသည့် ဥပဒေများ ကဲ့သို့ တစ်ပြိုင်နက်တည်း အင်္ဂလိပ်ဘာသာပြန်ဆိုချက် ထုတ်ပြန်နိုင်ခဲ့ခြင်း မရှိပါ။

၂၀၁၁ ခုနှစ်က ပြည်ထောင်စုလွှတ်တော်က ထုတ်ပြန်ခဲ့သည့် အနည်းအကျဉ်းမျှသော ဥပဒေ တို့တွင် မည်သည့်ဌာနက ဘာသာပြန်ဆိုခဲ့သည်ကို မသိရသော်လည်း ဘာသာပြန်ဆိုချက် အမှားအယွင်း များ ရှိခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ ဥပမာ - ရုံးအခွန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအမှတ်၊ ၅/၂၀၁၁ တွင် မူရင်းရုံးအခွန်အက်ဥပဒေ (The Court fees Act)ကို (Office Tax Act) ဟု မှားယွင်း

ပြန်ဆိုခဲ့ကြောင်း သတင်းစာများတွင် တွေ့ရှိခဲ့ပါတယ်။ တည်ဆဲဥပဒေများတွင် ထို (Office Tax Act) မရှိပါ။ ထိုဘာသာပြန်ဆိုချက်နှင့် စပ်လျဉ်း၍ ထိုစဉ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဌာန(၁)၊ ဌာနခွဲ(၃) ဘာသာပြန်ဌာနခွဲက ထိုဘာသာပြန်ဆိုချက်ကို ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း မေးမြန်းသိရှိရ ပါတယ်။ ဥပဒေဘာသာပြန်ဆိုချက်များမှာ လွန်စွာအရေးကြီးသဖြင့် တာဝန်ရှိသည့် ဌာနအဖွဲ့အစည်း များကသာ ဆောင်ရွက်သင့်ပါတယ်။ ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာ(၃၁)ရက်နေ့စာရင်းအရ တည်ဆဲ မြန်မာ နိုင်ငံဥပဒေ အတွဲ(၁)မှ (၁၃)အထိ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော ဥပဒေပေါင်း(၃၂၅)ခုအနက် ၁၄-၃-၂၀၁၄ ရက်နေ့အထိ ရုတ်သိမ်းပြီးသော ဥပဒေပေါင်း(၁၇၂)ခုကို နုတ်ပယ်လျှင် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်း သည့် တည်ဆဲဥပဒေပေါင်း(၁၅၃)ခု ကျန်ရှိပါတယ်။

အင်္ဂလိပ်ဘာသာဖြင့်ရှိသည့် တည်ဆဲဥပဒေများအနက် အချို့သော အက်ဥပဒေများကို လွတ်လပ်ရေးရပြီးကာလ၌ မြန်မာဘာသာပြန်ကော်မတီက မြန်မာဘာသာပြန်ဆိုခဲ့သည့် ဥပဒေအချို့ ရှိကြောင်း သိရှိရပါတယ်။ ဥပမာ - Penal code ကို ရာဇသတ်ကြီး ဟု လည်းကောင်း၊ Evidence Act ကို သက်သေခံအက်ဥပဒေ ဟု လည်းကောင်း စသည်ဖြင့် ပြန်ဆိုခဲ့သောစာအုပ်များ ထုတ်ဝေခဲ့ဖူးပါတယ်။ အချို့သော ဘာသာပြန်ဆိုထားသည့် အက်ဥပဒေများကို လက်ရေးစာမူ၊ လက်နှိပ်စက်စာမူဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဘာသာပြန်ဌာနခွဲတွင်ရှိကြောင်း ကြားသိရပါတယ်။

ဘာသာပြန်လုပ်ငန်းများနှင့်စပ်လျဉ်း၍ အထက်တွင် တင်ပြချက်အရ လွတ်လပ်ရေး ရရှိပြီး နောက် ၁၉၄၈ ခုနှစ်၊ မြန်မာဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အက်ဥပဒေပြဋ္ဌာန်းပြီး တရား လွှတ်တော်ချုပ်၊ တရားဝန်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်၍ ရှေ့နေချုပ် အပါအဝင် မြန်မာ ဘာသာပြန်ဥပဒေနှင့် ဥပဒေဝေါဟာရ အကြံပေးကော်မတီဖွဲ့စည်းကာ ဘာသာပြန်လုပ်ငန်း ဆောင်ရွက် ချက်များ အောင်မြင်မှုရှိခဲ့သော်လည်း ထိုနောက်ပိုင်းရှေ့နေချုပ်ဌာနခွဲနှင့် ရှေ့နေချုပ်ရုံးတို့က ဆောင်ရွက် သည့် ဘာသာပြန်လုပ်ငန်းများမှာ အောင်မြင်ထိရောက်မှု နည်းပါးခဲ့သည်ကို သုံးသပ်ရရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေအမှတ်၊ ၂၂/၂၀၁၀၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ည) အရ ဥပဒေများကို ဘာသာပြန်ဆိုခြင်းသည် ပြည်ထောင်စုရှေ့နေချုပ်၏ တာဝန် ဖြစ်ပါတယ်။ သို့အတွက် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသောဥပဒေများကို အင်္ဂလိပ်ဘာသာ သို့လည်းကောင်း ဘာသာပြန်ဆို ထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အား အထူးတာဝန်တစ်ရပ်အဖြစ် ပေးအပ်၍ ဆောလျင်စွာဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဤအမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဖိတ်ခေါ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမယ့်သူ မရှိဘူးလား။

**အချိန်၊ ၁၂း၁၁။**

**ဦးမြင့်ထွန်း၊ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအောင်ငြိမ်း အဆို တင်သွားတဲ့အဆိုကို ကျွန်တော် ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀) ဦးမြင့်ထွန်း မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း သို့မဟုတ် အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးအောင်ငြိမ်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ လည်းကောင်း၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို အင်္ဂလိပ်ဘာသာသို့ လည်းကောင်း ဘာသာပြန်ဆိုထုတ်ပြန်ရေးကိစ္စကို ပြည်ထောင်စုရှေ့နေချုပ်အား အထူးတာဝန်တစ်ရပ် အဖြစ်ပေးအပ်၍ ဆောလျင်စွာ ဆောင်ရွက်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးအောင်ငြိမ်း ရဲ့ အဆိုကို လက်ခံ ဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

ဦးအောင်ငြိမ်း တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၀)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၃၀) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က လွှတ်တော်အတွင်း အဆို၊ အမေး၊ အဖြေပေးခဲ့သည်များကို စုစည်းပြီးတော့ လ(၃၀)သည် ခရီးစာအုပ်ကို ကျွန်တော်တို့ ရေးသားပြီးတော့ ဒေါက်တာခင်ရွှေ ကနေပြီး Sponsor အနေနဲ့ ကိုယ်စားလှယ်များထံကို အခမဲ့ ဖြန့်ဝေထားရှိပါတယ်။ ကျွန်တော်တို့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ကိုယ်စားလှယ်များအတွက်ကိုလည်းပဲ သက်ဆိုင်ရာ၊ နီးစပ်ရာ ကိုယ်စားလှယ်များမှ ထုတ်ယူပေးဖို့အတွက်ကို ဦးနု က မေတ္တာရပ်ခံချက်ကိုလည်း သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မနက်ဖြန်ခါ ဒေါက်တာခင်ရွှေ ကနေပြီးတော့ မနက်ဖြန်ညနေ(၆)နာရီခွဲမှာ ရတနာသိခ်ဟိုတယ်မှာ ကျွန်တော်တို့ Dinner နဲ့ တည်ခင်းဧည့်ခံမယ့်အကြောင်းကို ထပ်လောင်း အသိပေးကြေညာအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၂း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]